# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၁၇)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

၂၀၁၃ ခုနှစ်၊ မေ ၁၀ ရက်၊ သောကြာနေ့။


**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**

# စိုက်ပျိုးရေးထွက်ကုန်သီးနှံများ စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးမြှင့်တင်ထုတ်လုပ်တင်ပို့ရောင်းချ

**နေပြည်တော် မေ ၉**

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ယနေ့နံနက် ၆ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီးရှိ ငလိုက်ဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေစနစ်ဧက ၃၀၀၀ စိုက်ကွင်းအတွင်း ပုလဲသွယ်စပ်မျိုးနွေစပါးများ စိုက်ပျိုးပြီးစီးမှုနှင့် အနှံများစုံညီစွာထွက်ရှိပြီး ဖြစ်ထွန်း အောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်တို့က စက်မှုလယ်ယာမြေစနစ် လယ်မြေဧက ၃၀၀၀ အား ရာနှုန်းပြည့် ဖော်ထုတ်ပြီးစီးမှု၊ ရေသွင်း၊ ရေထုတ်မြောင်းစနစ်များနှင့် ကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးရာသီအတွင်း ပုလဲသွယ်စပ်မျိုးစပါးများကို တစ်ဆက်တစ်စပ်တည်း အောင်မြင်စွာ ထွန်တုံးပိတ်စိုက်ပျိုး အကောင်အထည်ဖော်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြု၍ ဆည်ရေသောက် လယ်မြေများကို စက်မှုလယ်ယာမြေစနစ်သို့ ကူးပြောင်းပြီး နွေစပါးအပါအဝင် သီးထပ်သီးညှပ်များအောင်မြင်စွာစိုက်ပျိုးပြသမှုကို တောင်သူလယ်သမားများ လက်တွေ့ထိထိရောက်ရောက် အကျိုးကျေးဇူးရရှိခံစားစေနိုင်ရေးအတွက် မျိုးစေ့ချစိုက်ပျိုးသည်မှ ဈေးကွက်သို့တင်ပို့ရောင်းချသည့်အဆင့်ထိ အစမှ *စာမျက်နှာ ၃ ကော်လံ ၁* ❋



**နိုင်ငံတော်သမ္မတဦးသိန်းစိန် သရက်သီးသီးနှံအရည်အသွေးမြှင့်တင်သည့်စက် (Mango Processing Plant) စတင်စမ်းသပ်လည်ပတ်နေမှုကို စစ်ဆေးကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

**အာဆီယံတိုက်ကွမ်ဒို ချန်ပီယံရှစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ် မြန်မာ ရွှေ ၂၊ ငွေ ၂၊ ကြေး ၈ ရရှိ**
စာမျက်နှာ-၃

**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့ ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာ**
စာမျက်နှာ-၅

**စွမ်းအင်ဝန်ကြီးဌာနမှ ပြည်တွင်းထုတ်ဓာတ်ဆီ လစဉ်စိစစ်ပြင်ဆင်ဖြန့်ဖြူးပေး**
စာမျက်နှာ-၁၃



ယာဉ်မတော်တဆမှုမဖြစ်ပွားရန် တံတားအဆင်းအတက်များ၌ ကျောက်ကတ္တရာများခင်းနေသည်ကို ဤသို့ တွေ့ရသည်။

# အမြန်လမ်းမှာ စောင့်ကြည့်ကိရိယာတွေတပ်ဆင်ပြီးနောက် ယာဉ်မတော်တဆမှုတွေ ကျဆင်းသွားပါတယ်

**နေပြည်တော် မေ ၉**

| | | |
|---|---|---|
| အမေး/အရေး | - | မောင်မောင်မြင့်ဆွေ |
| ဓာတ်ပုံ | - | ကျော်သူဝင်း |

ယနေ့ခေတ်ကား အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည်။ စက္ကန့်နှင့်အမျှ ပြောင်းလဲတိုးတက်နေသောခေတ်၌ အချိန်သည်တန်ဖိုးရှိလာသည်။ အချိန်တိုတိုအတွင်း ခရီးသွားလာနိုင်ရေးအတွက် နိုင်ငံတကာတွင် အမြန်လမ်းများ၊ နှစ်ထပ်လမ်းများ၊ မြေအောက်ကားလမ်းများ၊ ရထားလမ်းများ ဖောက်လုပ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်ကားလမ်း ဖောက်လုပ်ပေးထားသည်။ သို့သော် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိရာ အရှိန်ထိန်းစောင့်ကြည့်ကင်မရာများ တပ်ဆင်ထားရှိပြီးနောက်ပိုင်း ယာဉ်မတော်တဆဖြစ်မှု အခြေအနေနှင့် အမြန်လမ်းအား အဆင့်မြှင့်တင်ပြုပြင်နေမှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးမျိုးမြင့်အား သတင်းအဖွဲ့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။ အမြန်လမ်းပေါ်မှာ အရှိန်ထိန်းစောင့်ကြည့်ကင်မရာတွေ တပ်ဆင်ထားမှုနဲ့ ယာဉ်မတော်တဆဖြစ်မှု အခြေအနေကို သိရှိလိုပါတယ်။**

ဖြေ။ ။ အမြန်လမ်းပေါ်မှာ အရှိန်လွန် မောင်းနှင်မှုတွေ တဖြည်းဖြည်းများလာပြီး ယာဉ်မတော်တဆဖြစ်မှုတွေ မြင့်တက်လာတာမို့ *စာမျက်နှာ ၂ ကော်လံ ၃* ■




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ပညာတတ်မျိုးဆက်သစ်များ ပြုစုပျိုးထောင်

နိုင်ငံတော်တွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား နိုင်ငံတော်ကာကွယ်ရေးအင်အားဆိုသည့် အင်အားသုံးရပ် တောင့်တင်းခိုင်မာရေးအတွက် နိုင်ငံသားတို့၏ လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နိုင်ရန် အရေးကြီးပေသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက မဏ္ဍိုင်သည် ပညာရေးဖြစ်သည်။ နိုင်ငံတော်တည်ဆောက်ရာတွင် ပညာဖြင့်သာ တည်ဆောက်နိုင်သည့်အတွက် ပညာတတ်များစွာ ပေါ်ထွက်လာရန် အရေးကြီးပေသည်။

အစိုးရသစ်လက်ထက်တွင် ပညာရေးအသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလျက်ရှိပြီး ပညာရေးအဆင့်အတန်းမြင့်မားလာရန် ဆောင်ရွက်လျက်ရှိသည်။ ပညာရည်မြင့်မားရေးအတွက် လုပ်ဆောင်ရာတွင် အခြားနိုင်ငံများရှိ တက္ကသိုလ်များနှင့် ချိတ်ဆက်၍ ယင်းတက္ကသိုလ်များ၏ သင်ကြားလေ့ကျင့်ပေးမှုများကိုလည်း နမူနာယူလျက်ရှိသည်။ အဆင့်မြင့်ပညာကဏ္ဍတွင် အာဆီယံနှင့် ကမ္ဘာ့အဆင့်မီပညာရေးစနစ် ဖော်ဆောင်နိုင်ရန်အတွက် ဘွဲ့ကြို၊ ဘွဲ့လွန်ပညာသင်နှစ် တစ်နှစ်တိုးမြှင့်သင်ကြားရေး၊ ကိုယ်ပိုင်တက္ကသိုလ် ဥပဒေပြဋ္ဌာန်းပြီး ပုဂ္ဂလိကတက္ကသိုလ်အခန်းကဏ္ဍကို အားပေးနိုင်ရေး၊ လွတ်လပ်သောစီမံခန့်ခွဲမှုဖော်ဆောင်ပြီး တက္ကသိုလ်ပတ်ဝန်းကျင်ကောင်းများဖန်တီးနိုင်ရေး၊ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးစနစ်ပြင်ဆင်ရေး၊ အင်္ဂလိပ်ဘာသာရပ် တိုးမြှင့်သင်ကြားရေးနှင့် စက်မှုသက်မွေးပညာကဏ္ဍ တိုးမြှင့်အားပေးရေး စသည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယခုခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ အတတ်ပညာ၊ နည်းပညာများလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ လူတိုင်းအတွက် ပညာရှာရန်အခွင့်အလမ်းများလည်း များစွာဖြစ်ထွန်းလျက်ရှိနေပြီဖြစ်သည်။ ပညာရှာမှီးမှုကြောင့်လည်း နည်းပညာများကို တီထွင်ဖန်တီးလာနိုင်ကြပြီး ကမ္ဘာ့နိုင်ငံများ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြရသည်။ ကမ္ဘာ့နိုင်ငံများ မည်မျှပင် မိုင်ပေါင်းများစွာဝေးကွာသော်လည်း ယနေ့အချိန်တွင် နည်းပညာဖွံ့ဖြိုးမှုကြောင့် မိနစ်၊ စက္ကန့်အတွင်း ဆက်သွယ်ပြောဆိုနိုင်ကြပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာသည်သာအဓိကဖြစ်ပေသည်။

ယခုအခါ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေပြီဖြစ်ရာ လူတိုင်းသည် နိုင်ငံရေး၊ အုပ်ချုပ်ရေးတွင် ပါဝင်လာနိုင်သောကြောင့် ပညာတတ်မြောက်ရန် လိုအပ်ပေသည်။ ဒီမိုကရေစီစနစ်သည် ပြည်သူက အုပ်ချုပ်သောကြောင့် ပညာတတ်မှသာလျှင် နိုင်ငံတော်၏ အာဏာသုံးရပ်ကို ကျင့်သုံးနေသည့် ပုဂ္ဂိုလ်များကို မှန်ကန်စွာ ရွေးချယ်နိုင်မည်ဖြစ်သည်။ နိုင်ငံတော် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာတတ် မျိုးဆက်သစ်များ၊ လူတော်လူကောင်းများ အမြောက်အမြားပေါ်ထွက်ရန် လေ့ကျင့်ပျိုးထောင်ပေးရမည် ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

■ *ရှေ့ဖုံးမှ*

အရှိန်ထိန်း စောင့်ကြည့်မှိုဘိုင်းကင်မရာတွေ တပ်ဆင်ခဲ့တာပါ။ ဒီအရှိန်ထိန်း စောင့်ကြည့်ကင်မရာတွေက နဂိုကတည်းက အမြန်လမ်းမှာ အသုံးပြုဖို့ဝယ်ယူထားခဲ့တာဖြစ်ပါတယ်။ ဒီလိုအရှိန်ထိန်းစောင့်ကြည့်ကင်မရာတွေတပ်ဆင်ပြီး နောက်ပိုင်းမှာ အမြန်လမ်းပေါ်မှာ ယာဉ်မတော်တဆမှုတွေ အတော်လေးကျဆင်းသွားခဲ့ပါတယ်။

**မေး။ ။ အရှိန်ထိန်းစောင့်ကြည့်ကင်မရာတွေတပ်ဆင်ပြီးမှ ယာဉ်မတော်တဆဖြစ်မှုတွေ အရင်ကထက်ဘယ်လောက်အထိ လျော့နည်းသွားတယ်ဆိုတာ ပြောပြပေးပါဦး။**

ဖြေ။ ။ အရင်ကထက် ယာဉ်မတော်တဆမှု ၃၀ ရာခိုင်နှုန်းကျဆင်းသွားတယ်။ ကင်မရာတွေတပ်ဆင်စဉ်က တစ်နေ့ကို မော်တော်ယာဉ် အစီး ၈၀ လောက် အရှိန်လွန်မောင်းနှင်တာ ဖမ်းဆီးခဲ့ရပေမယ့် အခုအချိန်မှာတော့ တစ်နေ့ ၁၈ စီးလောက်ပဲ ဖမ်းဆီးရတာပါ။ ပြီးခဲ့တဲ့ ဧပြီ ၁ ရက်ကစပြီး အခုမေ ၉ ရက်အထိ အရှိန်လွန် မော်တော်ယာဉ် ၇၂၉ စီး ဖမ်းဆီးခဲ့ပြီးဖြစ်ပါတယ်။ မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုတွေလည်း အများကြီးကျဆင်းသွားပါတယ်။

**မေး။ ။ အမြန်လမ်းရဲ့ ဘယ်လိုနေရာတွေမှာ စောင့်ကြည့်ကင်မရာတွေ တပ်ဆင်ထားပါသလဲ။ တိုးချဲ့တပ်ဆင်ဖို့ရော အစီအစဉ်ရှိပါသလား။**

ဖြေ။ ။ ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက်မှာ မော်တော်ယာဉ်တွေ အရှိန်မြင့်မြင့်မောင်းနှင်နိုင်တဲ့ လမ်းအစိတ်အပိုင်းတွေမှာ စောင့်ကြည့်ကင်မရာတွေရှိပါတယ်။ ရွှေ့လျားသယ်ယူနိုင်တဲ့ မိုဘိုင်းကင်မရာတွေဖြစ်တာမို့ နေရာစုံမှာ ရှိနိုင်အောင်လည်း ဆောင်ရွက်နေပါတယ်။ အဓိကကတော့ အရှိန်များများမောင်းနှင်နိုင်တဲ့နေရာတွေမှာ ထားရှိစေပြီး နောက်ထပ်လည်း စောင့်ကြည့်ကင်မရာတွေ တိုးချဲ့တပ်ဆင်သွားမှာပါ။

**မေး။ ။ ယာဉ်မတော်တဆဖြစ်မှုတွေမှာ ဘယ်လိုယာဉ်အမျိုးအစားတွေအဖြစ်များပြီး ဘာကြောင့်ဖြစ်တယ်ဆိုတာ ပြောပြပေးပါဦး။ ယာဉ်ကြောင့်လား၊ လူကြောင့်လား၊ လမ်းကြောင့်လားဆိုတာပါ။**

ဖြေ။ ။ အမြန်လမ်းပေါ်မှာ ယာဉ်မတော်တဆဖြစ်မှုအများဆုံးက ကိုယ်ပိုင်ယာဉ်တွေပါပဲ။ ခရီးသည်တင်အဝေးပြေးဘတ်စ်ကားကြီးတွေက အဖြစ်နည်းပါတယ်။ ယာဉ်မတော်တဆဖြစ်မှုတွေမှာ အဓိက သုံးချက်ကြောင့် ဖြစ်တာတွေ့ရပါတယ်။ ယာဉ်မောင်းတွေ အိပ်ငိုက်တာနဲ့ အရှိန်လွန်မောင်းနှင်မှု၊ အရက်သေစာသောက်စားပြီး မောင်းနှင်မှုဆိုတဲ့ လူကြောင့် ယာဉ်မတော်တဆမှု ဖြစ်ပေါ်စေပါတယ်။ ဒုတိယအနေနဲ့က အခုအချိန်မှာ မော်တော်ယာဉ်အသစ်တွေ အများအပြားဝင်လာတယ်။ ဒါပေမယ့် အချို့ယာဉ်တွေရဲ့ တာယာတွေက အဆင့်မမီတော့ဘူး။ တာယာတွေ ပွင့်ပြီး ယာဉ်မတော်တဆဖြစ်တာ၊ ယာဉ်ကြံ့ခိုင်မှုအပိုင်းကြောင့် မတော်တဆမှုဖြစ်ပေါ်တာပါ။ တတိယအနေနဲ့က အမြန်လမ်းရဲ့အနေအထားကြောင့်ပါပဲ။ အမြန်လမ်းရဲ့ အချို့လမ်းကွေ့လေးတွေမှာ လေးလမ်းသွားအပြည့် မဆောင်ရွက်ရသေးတာတွေ၊ လမ်းဘေးဝဲယာခြံစည်းရိုး ပြည့်စုံစွာ မခတ်ရသေးတာတွေကြောင့်လည်း တစ်ခါတစ်ရံ တိရစ္ဆာန်တွေကြောင့် ယာဉ်မတော်တဆ ဖြစ်ပေါ်တတ်တာဖြစ်ပါတယ်။



"အမြန်လမ်းပေါ်မှာ ယာဉ်မတော်တဆမှု ၃၀ ရာခိုင်နှုန်း ကျဆင်းသွားပါတယ်။"
ဦးမျိုးမြင့် (အင်ဂျင်နီယာမှူးကြီး)

**မေး။ ။ အမြန်လမ်းမှာ အခု ယာဉ်မတော်တဆမှုတွေ မဖြစ်ပွားအောင် ဘယ်လိုများအဆင့်မြှင့်တင် ဖြည့်ဆည်းဆောင်ရွက်နေတယ်ဆိုတာလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ အမြန်လမ်းတစ်လျှောက် အန္တရာယ်ရှိနိုင်မယ့် နေရာတွေမှာ အသက်ကယ်တန်းတွေ ဖြည့်ဆည်းတပ်ဆင်ပေးထားပါတယ်။ နောက်ပြီး အမြန်လမ်းရဲ့ လိုအပ်တဲ့နေရာတိုင်းမှာ ကွန်ကရစ်တုံးတွေထားရှိပေးထားပြီး အဲဒီကွန်ကရစ်တုံးတွေမှာ ညပိုင်း အန္တရာယ်ကင်းကင်းမောင်းနိုင်ဖို့အတွက် ညကြည့်ရောင်ပြန်တွေ တပ်ဆင်ပေးထားပါတယ်။ ဒါ့အပြင် အမြန်လမ်းပေါ်မှာရှိတဲ့ တံတားတွေရဲ့ အဆင်းအတက်နေရာတွေမှာ အန္တရာယ်ကင်းအောင် နိုင်လွန်ကတ္တရာတွေ ခင်းပေးထားပါတယ်။ နောက်ပြီး လမ်းညွှန်အန္တရာယ်သတိပေးဆိုင်းဘုတ်တွေကိုလည်း လမ်းတစ်လျှောက်တပ်ဆင်ပေးထားပါတယ်။

**မေး။ ။ အမြန်လမ်းကိုလည်း အဆင့်မြှင့်ထိန်းသိမ်း ပြုပြင်ဖြည့်ဆည်းမှုတွေ ရှိရင် ပြောပြပေးပါဦး။**

ဖြေ။ ။ အမြန်လမ်းပေါ်မှာရှိတဲ့ လိုအပ်တဲ့နေရာတွေမှာ ကွန်ကရစ်တွေကို ဖွင့်ဖောက်ပြီး အသစ်ပြန်ခင်းမှုတွေ ပြုလုပ်နေပါတယ်။ လမ်းအချို့အစိတ်အပိုင်းတွေကို ကျောက်၊ ကတ္တရာဖြည့်ဆည်း ခင်းပေးနေပါတယ်။ ဒါ့အပြင် အမြန်လမ်းတစ်လျှောက် လမ်းဘေးနဲ့ လမ်းလယ်ရေမြောင်းတွေကို ဖောက်လုပ်နေပြီး လမ်းအလယ်အလှပန်းပင်တွေ စိုက်ပျိုးခြင်းနဲ့ လမ်းဘေးဝဲယာအရိပ်ရအပင်တွေ စိုက်ပျိုးမှုတွေကိုလည်း ပြုလုပ်နေပါတယ်။ မြေပြိုမှုမရှိအောင် မြေထိန်းနံရံတွေ ပြုလုပ်ပေးနေပြီး အမြန်လမ်းတစ်လျှောက် တံတားတွေအောက်နဲ့ လှည်းအောက်လျှို လမ်းတွေကိုလည်း ရှင်းလင်းထိန်းသိမ်းပေးနေပါတယ်။ အမြန်လမ်းတစ်လျှောက် ဆေးမျဉ်းလိုင်းအမှတ်အသားတွေလည်း ပြုလုပ်နေပါတယ်။

**မေး ။ ။ အမြန်လမ်းအဆင့်မြှင့်တင်မှုကို ပြည်ပက နည်းပညာနဲ့ အကြံဉာဏ် အကူအညီပေးမှုတွေ၊ ရယူမှုတွေရှိရင်လည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ အခုရက်ပိုင်းအတွင်းမှာပဲ အမေရိကန်က ပညာရှင်အဖွဲ့လာရောက်ပြီး အမြန်လမ်းနဲ့ပတ်သက်လို့ လေ့လာမှုတွေ ပြုလုပ်နေပါတယ်။ သူတို့ရဲ့ အကြံဉာဏ်တွေကို ရယူမှာဖြစ်သလို ကျွန်တော်တို့ကိုယ်တိုင်လည်း နိုင်ငံတကာ အမြန်လမ်းများရဲ့ နည်းပညာကို အွန်လိုင်းကတစ်ဆင့် ရယူဆောင်ရွက်နေပါတယ်။ အမြန်လမ်းမှာ ဘေးအန္တရာယ်ကင်းအောင် ပြည်ပအဖွဲ့အစည်းတွေက နည်းပညာရယူဆောင်ရွက်ပြီး ဘက်ပေါင်းစုံကနေ ကြိုးစားလုပ်ဆောင်သွားမှာပါ။

**မေး ။ ။ အမြန်လမ်းပေါ်မှာ ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်နေမှု အပေါ် ပြည်သူတွေသိရှိအောင် ဆောင်ရွက်မှုရှိပါသလား။ ပြည်သူတွေနဲ့ လမ်းအသုံးပြုသူတွေရဲ့ အကြံဉာဏ်တွေကို လက်ခံဆောင်ရွက်မှု ရှိ၊ မရှိလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ အမြန်လမ်းပေါ်မှာ ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ထားမှုနဲ့ပတ်သက်ပြီး ၂၀၁၃ ခုနှစ် မတ် ၁၂ ရက်က အမြန်လမ်း ရဲတပ်ဖွဲ့နဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်းပြီး မီဒီယာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ပါတယ်။ မီဒီယာတွေကတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အမြန်လမ်းနဲ့ ပတ်သက်ပြီး ပြည်သူတွေရဲ့ အကြံပေးမှုတွေကို လက်ခံနိုင်အောင် အမြန်လမ်းရဲ့ အချို့နေရာတွေမှာ လမ်း အင်ဂျင်နီယာတွေရဲ့ ဖုန်းနံပါတ်တွေကို ရေးသားဖော်ပြထားပါတယ်။ အဲဒီဖုန်းတွေကို အချိန်မရွေး အကြောင်းကြား အကြံပြုနိုင်ပါတယ်"ဟု အင်ဂျင်နီယာမှူးကြီး ဦးမျိုးမြင့်က ဖြေကြားသွားသည်။ **(မြန်မာ့အလင်း)**



ရွှေမန္တလာ
ရန်ကုန် – နေပြည်တော်
၁၂-၅-၂၀၁၃ (တနင်္ဂနွေနေ့) မှစ၍
ကမ္ဘာ့အကောင်းဆုံး ဥရောပထုတ် Scania Bus
ကားသစ်များဖြင့် ပြေးဆွဲနေပါပြီ။
ယာဉ်ထွက်ချိန် ရန်ကုန် ... နံနက် ၇ : ၃၀ နာရီ
နေပြည်တော် ... ညနေ ၂ : ၀၀ နာရီ



ရွှေနဂါး
ကျိုက်ထီးရိုး (မျှော်)
ရှောင်းသား (မှုံ)
Ph: 299077, 09-731 67000
299388, 09-731 68000

23.5.2013

ဦးအောင်ဝင်း
LCCI သင်တန်းများ ...
June-15 (Sat) စမည်။ Aircon ...
LCCI
☑ ...
☑ ...
☎ 01-371741, 240824, 381350

WAR SHWE SIN
ဝါရွှေစင်

ရောင်းရန်ရှိသည်
TOYOTA HIACE (အန်စာတုံး)၊ Model 2011
(၁၄)ယောက်စီး
ဖုန်း- ၀၉-၄၃၁၀၄၇၁၃

**✻ ရှေ့ဖုံးမှ**

အလယ်အဆုံးတိုင်အောင် စိတ်ကောင်း စေတနာအပြည့်အဝဖြင့် လက်တွေ့ရိုင်းပင်းကူညီ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

ကာယကံရှင် တောင်သူလယ်သမားများ တစ်ဦးချင်း ကိုယ်တိုင်အနေဖြင့် နိုင်ငံတော်၏စေတနာကို ယုံယုံကြည်ကြည်ဖြင့် ကိုယ်တိုင်လက်တွေ့ပါဝင် ကြိုးစားလုပ်ကိုင်ကြခြင်းအားဖြင့် မည်သည့်အတိုင်းအတာထိ လက်ငင်းလက်တွေ့ ဝင်ငွေအကျိုးကျေးဇူး ဖြစ်ထွန်းရရှိစေနိုင်မည်ကို ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းများဖြင့် ပြသဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

လက်တွေ့ ရလဒ်များအပေါ် မူတည်၍ နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင်လည်း စက်မှုလယ်ယာစနစ် လယ်ကွင်းများပေါ်ထွန်းလာစေရေး ဟန်ချက်ညီညီ ကြိုးပမ်း လုပ်ဆောင်ခြင်းအားဖြင့် တောင်သူလယ်သမားများကို ဒေသအလိုက် ထိထိရောက်ရောက် ရိုင်းပင်းကူညီ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံ၏လူတိုင်းအတွက် အဓိကစားသုံးသီးနှံအမယ်ဖြစ်သော စပါးသီးနှံကို ဆည်ရေသောက်ဒေသလယ်မြေများတွင် တစ်သီးအောင်မြင်အောင်အကျိုးရှိဆုံး စိုက်ပျိုးကြစေပြီး ကျန်ရာသီအလိုက် သီးနှံများကို ဈေးကွက်ဝင်၊ ဝင်ငွေတွက်ခြေကိုက်စေမည့် သီးနှံအမယ်များကို ဒေသရာသီဥတု၊ ဈေးကွက်အခြေအနေနှင့်ကိုက်ညီစွာ စိုက်ပျိုးနိုင်ကြစေရေးအတွက် သီးနှံပုံစံရွေးချယ်မှု (Crop Pattern)အား လက်တွေ့ စိုက်ပျိုးပြသဆောင်ရွက်ပေးရန်နှင့် ဈေးကွက်၏ အရေးပါမှုကို ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် မီဒီယာနည်းလမ်းများဖြင့် အသုံးပြုဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စက်မှုလယ်ယာမြေစနစ်ဧက ၃၀၀၀ စိုက်ကွင်းအား လှည့်လည် ကြည့်ရှုကာ အလျှင်လိုကျေးရွာအနီး တည်ဆောက် တပ်ဆင်စမ်းသပ်လည်ပတ်လျက်ရှိသော သရက်သီးသီးနှံ အရည်အသွေး မြှင့်တင်သည့်စက် (Mango Processing Plant) စတင် စမ်းသပ်လည်ပတ်နေမှုကို စစ်ဆေး ကြည့်ရှုအားပေးပြီး နိုင်ငံတစ်ဝန်း ထုထည်ပမာဏ ကြီးမားစွာဖြင့် စိုက်ပျိုးရာသီအလိုက် စိုက်ပျိုးထွက်ရှိလာသော စိုက်ပျိုးရေးထွက်ကုန် သစ်သီးဝလံသီးနှံများကို နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းများဖြင့် အရည်အသွေးမြှင့်တင် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးနှင့် ခိုင်မာသောဈေးကွက်အား ရှာဖွေရန်လိုကြောင်း၊ ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် စိုက်ပျိုးရေးထွက်ကုန်များကို စားသုံးသူအကြိုက် ဈေးကွက်တွင် ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေး အရည်အသွေးပိုင်းမြှင့်တင်သည့် နည်းပညာနှင့်စက်ကိရိယာများကို ကျယ်ပြန့်စွာ တပ်ဆင်အသုံးပြုလာနိုင်ရေး အားပေးဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စပါးစိုက်ကွင်းများနှင့် သရက်သီးသီးနှံ အရည်အသွေးမြှင့်တင်သည့်စက်(Mango Processing Plant) အား လာရောက်လေ့လာကြသည့် နိုင်ငံတော်သမ္မတ၏ အမျိုးသားစီးပွားရေးနှင့် လူမှုရေး အကြံပေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးနှင့်အတူ အီဖတ် (IFAD- International Fund for Agricultural Development)အဖွဲ့မှ Country Programme Manager Dr. Wang၊ Agricultural Economist Mr. Rayner၊ Mr. Arban၊ Ms. R.Rosal တို့အား လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် IFAD အဖွဲ့မှ သက်သာသော အတိုးနှုန်းထားဖြင့် ချေးငွေများ အကူအညီပေးရန် ကမ်းလှမ်းတင်ပြချက်အပေါ် ကြိုဆိုကြောင်း ဆွေးနွေးပြောကြားသည်။

IFAD အဖွဲ့သည် နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အချိန်တိုကာလအတွင်း ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်နေမှုများကို အားရမြင်တွေ့ရသည့်အတွက် ပိုမို၍ လုပ်ငန်းများအား အရှိန်အဟုန်မြင့် တင်ဆောင်ရွက်နိုင်ရေး ပထမအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ ၃၆ သန်းအား သက်သာသော အတိုးနှုန်းထားချေးငွေအဖြစ် စက်မှုလယ်ယာ စနစ်ကူးပြောင်းနိုင်ရေး လုပ်ငန်းများတွင် ထိထိရောက်ရောက်အသုံးပြုနိုင်ရန် ကမ်းလှမ်းရခြင်းဖြစ်ပါကြောင်း။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းတွင် တလုံးတစည်းတည်း သုံးစွဲခြင်းအားဖြင့် ထိရောက်သော အောင်မြင်မှုကို ရရှိနိုင်မည်ဟု ယုံကြည်သည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ဆက်လက်ညှိနှိုင်း အကောင်အထည် ဖော်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း IFAD အဖွဲ့မှ တင်ပြရာ နိုင်ငံတော်သမ္မတက လယ်ယာကဏ္ဍတိုးတက်ပြောင်းလဲရေး လုပ်ငန်းများအတွက် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည့် စက်မှုလယ်ယာကူးပြောင်းရေးကို IFAD အဖွဲ့မှ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေ အကူအညီ ကမ်းလှမ်းတင်ပြချက်အပေါ်တွင် ကြိုဆိုကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အသုံးပြုနိုင်ရေးအတွက် စနစ်တကျ လုပ်ငန်းစဉ် အဆင့်ဆင့်အတိုင်း ဆက်လက် ဆောင်ရွက်ပေးသွားကြရန် ဆွေးနွေးမှာကြားသည်။

ဆန်စပါးသီးနှံ အပါအဝင် လယ်ယာကဏ္ဍ ထွက်ကုန်များကို နိုင်ငံတကာဈေးကွက်၏ စံချိန်စံညွှန်း၊ အရည်အသွေးနှင့်ကိုက်ညီစွာ ထုတ်လုပ်တင်ပို့ ရောင်းချနိုင်ရေးအတွက် လိုအပ်ချက်ရှိသော သီးနှံများ အဆင့်မြင့်အရည်အသွေးမြှင့်တင် ထုတ်လုပ်သည့် နည်းပညာနှင့် အရည်အသွေးမြှင့်တင်သည့် စက်ကိရိယာ (Processing Plant) များ လိုအပ်ချက်များအပေါ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံပါဝင် ဆောင်ရွက်လာကြရေးကိုလည်း IFAD အဖွဲ့နှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ကျယ်ပြန့်စွာ အပြန်အလှန် ညှိနှိုင်းပေါင်းစပ် ပူးပေါင်းအကောင်အထည်ဖော်ဆောင်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးယောက်မြို့အခြေစိုက် Clinton Health Access Initiative ၏ အမှုဆောင်အရာရှိချုပ် Mr. Ira Magaziner ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယူးယောက်မြို့ အခြေစိုက် Clinton Health Access Initiative ၏ အမှုဆောင်အရာရှိချုပ် Mr. Ira Magaziner ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍ၏ ဦးစားပေးလုပ်ငန်းများဖြစ်သော တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအပါအဝင် အခြားသော ကျန်းမာရေးဆိုင်ရာလုပ်ငန်းများဖြစ်သည့် ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေး၊ ဆေးဝါးပစ္စည်းနှင့် ဆေးဝါးဖြန့်ဖြူးရေး နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့အကူအညီများ ပေးအပ်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# မော်တောင် နယ်စပ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုစတင်

**နေပြည်တော် မေ ၉**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် မော်တောင် နယ်စပ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုစတင်ခြင်းအခမ်းအနားကို မေ ၈ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါစခန်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက မြန်မာ-ထိုင်းနှစ်နိုင်ငံ ကူးသန်းရောင်းဝယ်မှုများကို ဥပဒေနှင့်အညီ တရားဝင် တင်ပို့/တင်သွင်းရောင်းချနိုင်တော့မည်ဖြစ်ကြောင်း၊ မြိတ်-တနင်္သာရီ-မော်တောင်လမ်းကိုလည်း လုံခြုံလျင်မြန်၊ ချောမွေ့စွာ သွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိကာ ဆင်းရဲမှုများ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိလာသော ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံတိုက်ကွမ်ဒိုချန်ပီယံရှစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကျင်းပ နိုင်ငံအလိုက် ရွှေ၊ ငွေ၊ ကြေးတံဆိပ်များ အသီးသီးဆွတ်ခူး

**နေပြည်တော် မေ ၉**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုအဖြစ် (၁၁)ကြိမ်မြောက် အာဆီယံ တိုက်ကွမ်ဒိုချန်ပီယံရှစ်ပြိုင်ပွဲအား ယနေ့နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ဝင်းအတွင်းရှိ ပရိသတ် ၃၀၀၀ ဆံ့ အားကစားရုံအမှတ် (B) ၌ ကျင်းပရာ မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ လာအိုနိုင်ငံများမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ယနေ့ပွဲစဉ်များအဖြစ် စီနီယာ အမျိုးသား ၅၄ ကီလိုတန်း၊ အမျိုးသမီး ၄၆ ကီလိုတန်း၊ ဂျူနီယာ အမျိုးသား ၅၅ ကီလိုတန်း၊ အမျိုးသမီး ၄၉ ကီလိုတန်း၊ စီနီယာကကွက် အမျိုးသား/ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး အသင်းလိုက် သုံးယောက်တွဲ ပြိုင်ပွဲ၊ ကျား/မ အတွဲပြိုင်ပွဲ၊ ဂျူနီယာကကွက် အမျိုးသား/ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး အသင်းလိုက် သုံးယောက်တွဲ ပြိုင်ပွဲ၊ ကျား/မ အတွဲ ပြိုင်ပွဲ၊ ကကွက် သက်ကြီးတန်း ကျား/ မ တစ်ဦးချင်း ပြိုင်ပွဲ၊ ကျား/မ အသင်းလိုက်ပြိုင်ပွဲများ ထည့်သွင်း ကျင်းပခဲ့သည်။

ယနေ့ ပွဲစဉ်များအပြီး ဆုတံဆိပ်ရရှိမှုအခြေအနေမှာ ဗီယက်နမ်နိုင်ငံမှ ရွှေ ကိုးခု၊ ငွေ သုံးခု၊ ကြေးတစ်ခု၊ မြန်မာနိုင်ငံမှ ရွှေ နှစ်ခု၊ ငွေ နှစ်ခု၊ ကြေးရှစ်ခု၊ ဖိလစ်ပိုင်နိုင်ငံမှ ရွှေ တစ်ခု၊ ငွေ ငါးခု၊ ကြေး ငါးခု၊ မလေးရှားနိုင်ငံမှ ငွေ တစ်ခု၊ ကြေးငါးခု၊ ထိုင်းနိုင်ငံမှ ရွှေ တစ်ခု၊ ငွေ နှစ်ခု၊ ကြေး သုံး ခု၊ စင်ကာပူနိုင်ငံမှ ရွှေ တစ်ခု၊ ကြေး တစ်ခု၊ အင်ဒိုနီးရှားနိုင်ငံမှ ငွေ တစ်ခု၊ ကြေးသုံးခု၊ လာအိုနိုင်ငံမှ ကြေး တစ်ခု အသီးသီးရရှိထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


# ဂုဏ်ယူဝမ်းမြောက်ခြင်း

✻ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်( MAPCO)တို့၏ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်စည်သူဦးချစ်ခိုင်သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးချီးမြှင့်သည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုဖြစ်သော (အကောင်းဆုံးပို့ကုန်လုပ်ငန်းရှင်ဆု)အား ချီးမြှင့်ခံရခြင်းအတွက် လည်းကောင်း၊

✻ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ/မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်( MAPCO)၏ အမှုဆောင်ဒါရိုက်တာ ဦးအောင်သန်းဦးသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးချီးမြှင့်သည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုဖြစ်သော (စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆု)အား ချီးမြှင့်ခံရခြင်း အတွက်လည်းကောင်း၊

✻ အထူးဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ပိုမိုအကျိုးပြု ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

MRF

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့်
မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်

MAPCO

နိုင်ငံတကာသတင်း

# ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ အကြီးအကဲသစ်အဖြစ် ဘရာဇီးလ်သံတမန် တစ်ဦးအနိုင်ရ

ဘရာဆီးလီးယား မေ ၉

**ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၏ အကြီးအကဲသစ်နေရာ ရွေးချယ်ယှဉ်ပြိုင်မှုတွင် ဘရာဇီးလ်နိုင်ငံမှ ရောဘတ်တိုအဇာဗီဒိုသည် ၎င်း၏ပြိုင်ဘက်ဖြစ်သူ မက္ကဆီကိုနိုင်ငံမှ ဟာမီနီယိုဘလန်ကိုအား အနိုင်ရရှိခဲ့ကြောင်း ဘရာဇီးလ်အာဏာပိုင်များက မေ ၇ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။**

အဇာဗီဒိုသည် ယခုလက်ရှိ အချိန်တွင် အဖွဲ့ဝင် ၁၅၉နိုင်ငံပါဝင်သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းဆိုင်ရာ ဘရာဇီးလ်သံအမတ်ကြီးအဖြစ် ထမ်းဆောင်လျက်ရှိသည်။ အဆိုပါရွေးချယ်ယှဉ်ပြိုင်မှုတွင် အနိုင်ရရှိရန်အတွက် ထောက်ခံမဲအရေအတွက် ၈၀ကျော်ရရှိရန် လိုအပ်ပြီး အဇာဗီဒိုမှာ ထောက်ခံမဲအရေအတွက် ၉၃မဲဖြင့် အနိုင်ရရှိခဲ့သည်။



ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၏ အဖွဲ့ဝင်များအနေဖြင့် အထက်ပါကိစ္စရပ်နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးသွားရန် စီစဉ်ထားပြီး မေ ၈ရက်က တရားဝင်ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

အဆိုပါ အဖွဲ့အစည်း၏ အထွေထွေကောင်စီအနေဖြင့် လာမည့်သီတင်းပတ်တွင်ကျင်းပမည့် အစည်းအဝေးတွင်အဇာဗီဒိုအား တရားဝင်အတည်ပြုချက်ပေးမည်ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၏ လက်ရှိညွှန်ကြားရေးမှူးချုပ်မှာဥရောပသမဂ္ဂ၏ ကုန်သွယ်ရေးအကြီးအကဲဟောင်းတစ်ဦးဖြစ်သူ ပြင်သစ်နိုင်ငံမှ ပါစကယ်လမ်မီဖြစ်သည်။

**လွှဲပြောင်း**

ပါစကယ်လမ်မီသည် လေးနှစ်သက်တမ်းရှိသော ညွှန်ကြားရေးမှူးချုပ်ရာထူးကို နှစ်ကြိမ်ဆက်တိုက် ထမ်းဆောင်ခဲ့ပြီးနောက် လာမည့် စက်တင်ဘာ ၁ရက်တွင် ယင်းရာထူးကို လွှဲပြောင်းပေးသွားရန် စီစဉ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။ **(စီအင်န်အေ)**



# ရုရှားထုတ် ပဥ္စမမျိုးဆက် T-50 တိုက်လေယာဉ်စမ်းသပ်ပျံသန်းမည်

**မော်စကို မေ ၉**

ရုရှားနိုင်ငံသည် နိုင်ငံအရှေ့ပိုင်းရှိ အက်စ်ထွာခန်ဒေသတွင် ၎င်း၏ ပဥ္စမမျိုးဆက် T-50 တိုက်လေယာဉ်အတွက် စမ်းသပ်ပျံသန်းမှုများကို လာမည့်ဇူလိုင်လတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဆက်တိုက်ထုတ်လုပ်မှုများ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ရုရှားလေတပ်အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး ဗစ်တာဘွန်ဒါရက်ဗ်၏ ပြောကြားချက်ကို ကိုးကား၍ RIA Novosti သတင်းဌာနက မေ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။ T-50 တိုက်လေယာဉ်အား စသည့်နည်းပညာများဖြင့် ထည့်သွင်းတည်ဆောက်ထားပြီး လှုပ်ရှားစစ်ကစားနိုင်မှုစွမ်းရည်နှင့် ထိန်းသိမ်းမောင်းနှင်နိုင်မှုစွမ်းရည်များဆိုင်ရာ နည်းပညာများပါဝင်သည်။ အသံထက်မြန်သော ပဥ္စမမျိုးဆက် PAK-FA T-50 တိုက်လေယာဉ်သည် အကွာအဝေး ၅၅၀၀အထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိပြီး ၂၀၁၆ ခုနှစ်တွင် ရုရှား လေတပ်၌ စတင်အသုံးပြုသွားရန် စီစဉ်ထားသည်။ ရုရှားနိုင်ငံသည် ၂၀၂၀ပြည့်နှစ်အတွင်းတွင် ၎င်း၏လေတပ်အတွက် လေယာဉ်ကွင်း ၆၀၊ ၇၀အထိ တည်ဆောက်သွားမည်ဟု ဗစ်တာဘွန်ဒါရက်ဗ်က ပြောကြားသည်။**(ရိုက်တာ)**

# ဆီးရီးယားတပ်ဖွဲ့ဝင်များကို အီရန် လေ့ကျင့်ပေးရန် အသင့်ရှိနေ

**တီဟီရန် မေ ၉**

အစ္စရေးတို့အနေဖြင့် ဆီးရီးယားကိုတိုက်ခိုက်မှုများပြုလုပ်နေပါက ဆီးရီးယားတပ်ဖွဲ့ဝင်များကို လေ့ကျင့်မှုများကူညီဆောင်ရွက်ပေးရန် အသင့်ရှိနေကြောင်း အီရန်စစ်ဘက်ထိပ်တန်းအရာရှိတစ်ဦးက မေ ၈ ရက်က ပြောကြားခဲ့သည်။

အစ္စရေးတို့အနေဖြင့် ဒေသတွင်း၌ မတည်မငြိမ်ဖြစ်အောင် တိုးမြှင့်လုပ်ဆောင်နေပါက မိမိတို့သည် အစ္စရေးအပေါ် အကောင်းမမြင်နိုင်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ရာမင်မက်မင်ပါရက်က ပြောကြားသည်။

ဆီးရီးယားမြို့တော် ဒမတ်စကတ်မြို့အနီးရှိ စစ်ဘက်သုတေသနဌာနတစ်ခုပေါ်သို့ အစ္စရေးတို့က မေ ၅ ရက်က လေကြောင်းမှ တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်ကို ဆီးရီးယားရုပ်မြင်သံကြားဌာနမှ ထုတ်လွှင့်ပြသခဲ့သည်။

ထိုအချိန်တွင် အီရန်စစ်ဘက်မှ တပ်မှူးတစ်ဦးဖြစ်သူ ဗိုလ်မှူးချုပ် အာမက်ရီဇာက ဆီးရီးယားတပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးရန် အသင့်ရှိကြောင်း ပြောကြားလိုက်ခြင်းပင်ဖြစ်သည်။ ဆီးရီးယားတပ်ဖွဲ့ဝင်များအနေဖြင့် အစ္စရေးတို့အား တိုက်ခိုက်ရန်လေ့ကျင့်မှုများ လိုအပ်နေကြောင်း ၎င်းက ထပ်မံပြောကြားသည်။ **(ဆင်ဟွာ)**



# ဒေါ်လာ သန်း ၅၀ ဖိုးရှိ စိန်ခိုးယူသူများ ဖမ်းဆီးမိ

**ဘရပ်ဆဲလ် မေ ၉**

ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နှင့် ပြင်သစ်နိုင်ငံတို့ရှိ ရဲတပ်ဖွဲ့သည် ကမ္ဘာ့အကြီးဆုံးစိန်များလုယက်သည့် ဂိုဏ်းတစ်ဂိုဏ်းနှင့်ဆက်နွယ်ပြီး လူပေါင်း ၃၁ ဦးကို ဖမ်းဆီးခဲ့ကြောင်း မေ ၈ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ဖေဖော်ဝါရီလက ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်လေဆိပ်၌ ဝင်ရောက်စီးနင်းမှုတစ်ခုအတွင်း ယူဆောင်သွားခဲ့သည့် စိန်အချို့နှင့် ငွေအများအပြားကို ၎င်းတို့ထံမှ ပြန်လည်ရရှိခဲ့ကြောင်း ဘယ်လ်ဂျီယံအစိုးရရှေ့နေများက ပြောကြားသည်။

အဆိုပါသူခိုးဂိုဏ်းတစ်ဂိုဏ်းသည် လေဆိပ်၏ပတ်ပတ်လည် ခြံစည်းရိုးကို တောက်လျှောက်ဖြတ်တောက်ပြီး ဆွစ်ဇာလန်လေယာဉ်တစ်စင်း၏ ကုန်ထားရာ နေရာအတွင်း ချိုးဖောက်ဝင်ရောက်ခဲ့ကာ လေယာဉ်တက်သွားသည့်အချိန်ကို စောင့်ဆိုင်းခဲ့သည်။ ထို့နောက် ၎င်းတို့သည် အမေရိကန်ဒေါ်လာ သန်း၅၀ဖိုးရှိ စိန်များကိုယူဆောင်သွားခဲ့သည်။ ယင်းစိန်များသည် အန့်ဝပ်မြို့မှ ဇူးရစ်မြို့သို့ ပို့ဆောင်ခဲ့သည့် စိန်အကြမ်းထည်များဖြစ်ပြီး သူခိုးများသည် ကျွမ်းကျင်သူများဖြစ်ကြောင်း အစိုးရရှေ့နေများက ပြောကြားသည်။

၎င်းတို့သည် ရဲတပ်ဖွဲ့ဝင်ကဲ့သို့ ဝတ်ဆင်ကာ မျက်နှာဖုံးများတပ်ဆင်ထားပြီး လက်နက်များအလွယ်တကူပါရှိကြောင်း သိရသည်။ ၎င်းတို့သည် လေဆိပ်ခြံစည်းရိုးအတွင်း ဝင်ရောက်လာသည့်အပေါက်များမှ ထွက်ပြေးမလွတ်မြောက်မီ အထုပ်ပေါင်း ၁၂ ထုပ်ကို ခိုးယူသွားခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

**တင်မောင်လွင်-စုစည်းသည်**



ပြည်တွင်းသတင်း

# ဒုတိယသမ္မတဦးညဏ်ထွန်း ဂျပန်အထက်လွှတ်တော်အမတ်ဟောင်းအား တွေ့ဆုံ

## ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဂျပန်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံနိုင်မည့်အလားအလာများ ဆွေးနွေး

**နေပြည်တော် မေ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဒုတိယသမ္မတဦးညဏ်ထွန်းသည် ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ်ဟောင်းနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Hideo Watanabe ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်းအား လျာထားချက်ပါအချိန်ဇယားအတိုင်း အကောင်အထည်ဖော်ရေး၊ သီလဝါ အထူးစီးပွားရေးဇုန်၏ ဆက်စပ် အခြေခံအဆောက်အအုံ စီမံကိန်းများတွင် ပါဝင်သော ရေရှည်တည်တံ့ ခိုင်မြဲသည့် လျှပ်စစ်မီးနှင့် ရေချိုရရှိရေးအစီအမံများ၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဂျပန်ကုမ္ပဏီများ ပါဝင် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီပေးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတဦးညဏ်ထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသန့်ကျော်၊ ဦးအောင်သန်းဦးနှင့်ဦးမျိုးအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံအထက်လွှတ်တော် အမတ်ဟောင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတဦးညဏ်ထွန်း ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ်ဟောင်းနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Hideo Watanabe အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့တင်ပြလာသည့် အကြံပြုစာများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာခြင်း

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ အကောက်ခွန်နှင့်ဆိပ်ကမ်းရှင်းလင်းရေးနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ ၄-၃-၂၀၁၃ ရက်နေ့မှစတင်၍ ဆိပ်ကမ်းသို့ရောက်ရှိလာသော ကွန်တိန်နာများအား Risk Management စနစ်ကို အသုံးပြုလျက် Green Channel ဖြင့်ရှင်းပါက ကွန်တိန်နာတစ်လုံးလျှင် မိနစ် ၂၀ ဖြင့် လည်းကောင်း၊ Yellow Channel ဖြင့် ရှင်းလင်းပါက ကွန်တိန်နာတစ်လုံးလျှင် မိနစ် ၃၀ ဖြင့် လည်းကောင်း၊ Red Channel ဖြင့် ရှင်းလင်းပါက ကွန်တိန်နာတစ်လုံးလျှင် မိနစ် ၅၀ ဖြင့် လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ဆိပ်ကမ်းရှင်းလင်းရေးတွင်လည်း ယခင်အဆင့်(၇)ဆင့်မှ ယခု အဆင့်(၆) ဆင့်သို့ ဖြေလျှော့ပေးခဲ့ပါသည်။

၃။ အကောက်ခွန်ဦးစီးဌာန၌ Agent နှင့် ကုမ္ပဏီများမှ တင်ပြသည့် ဖိုင်များ ပျောက်ဆုံးမှုမရှိစေရေးအတွက် E-Customs မှ Acknowledgement Receipt၊ Noting Section မှ ID နှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများပုံစံ၊ အချိန်မှတ်ဇယား (Time Sheet)စသည့်ပုံစံများအသုံးပြု၍ ဖိုင်စတင်လက်ခံရရှိချိန်မှစ၍ လုပ်ငန်းအဆင့်ဆင့်ပြီးဆုံးသည်အထိ စနစ်တကျလက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ အကောက်ခွန်ဦးစီးဌာန၊ ရုံးချုပ်လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ထမ်းအင်အားဖြည့်တင်း၍ လုပ်ဆောင်ပေးလျက်ရှိပြီး ယခင်လုပ်ငန်းဆောင်ရွက်မှုအဆင့်(၆)ဆင့်မှ ယခုအဆင့် (၅)ဆင့်သို့ ဖြေလျှော့ ဆောင်ရွက်ပေးလျက်ရှိပါသည်။ C.M.P နှင့် Export ကိစ္စများဖြစ်လျှင် (၁)ရက်တည်း ပြီးစီးအောင်ဆောင်ရွက်ပေးပါသည်။

၅။ ယာဉ်အို၊ ယာဉ်ဟောင်း အစားထိုးစီမံချက်နှင့် တစ်ဦးချင်း အထူးပါမစ်တင်သွင်းမှုများအပေါ် သတ်မှတ်ခွင့်ပြုထားသည့် ခုနှစ်၊ Model Year ထက်တစ်နှစ်နိမ့်ခြင်းများ၌ သတ်မှတ်ဘောင်ထက် တစ်နှစ်နိမ့်ခြင်းများကို ဒဏ်ကြေးကင်းလွတ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။

၆။ အကောက်ခွန်ဌာနမှ အမိန့်၊ ဥပဒေအပြောင်းအလဲများနှင့်ပတ်သက်၍ အမိန့်၊ ညွှန်ကြားချက်တစ်ခု ထုတ်ပြန်သည့်အခါ လုံလောက်သော ပြင်ဆင်ချိန်ကို ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အကောက်ခွန်ဝန်ထမ်းများ ပစ္စည်းစစ်ဆေးရာတွင် ယဉ်ယဉ်ကျေးကျေးဆက်ဆံစေရန် လေဆိပ်တာဝန်ကျဝန်ထမ်းများအား အမြဲတမ်းညွှန်ကြားလျက်ရှိပြီး ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံဆောင်ရွက်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

**ဘဏ်လုပ်ငန်းများဆိုင်ရာ မေးမြန်းမှုအပေါ်ဆောင်ရွက်မှုအခြေအနေများ**

၁။ မြန်မာ့စီးပွားရေးဘဏ်တွင် ၂-၄-၂၀၁၃ ရက်နေ့မှစတင်၍ ဖြေလျှော့မှုများပြုလုပ်ခဲ့ပြီး အရာထမ်းကိုယ်တိုင် ငွေသွင်း၊ ငွေထုတ်ကောင်တာများတွင် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ငွေစုစာအုပ်ဖွင့်၍ ဘဏ်၌ငွေအပ်နှံရန်အတွက် ငွေစုဘဏ်စာရင်းရှိသူ(၂)ဦးကို ထောက်ခံခိုင်းခြင်းသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မြန်မာနိုင်ငံရှိ ဘဏ်များအားလုံးသို့ လမ်းညွှန်ထားချက်ဖြစ်ပါသည်။ ယခုအခါ စာရင်းသစ်ဖွင့်လှစ်ရာတွင် လွယ်ကူမှုရှိစေရန် စာရင်းဖွင့်လှစ်ထားပြီးဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်ရှိ အရာထမ်း/ အမှုထမ်းများမှ စာရင်းသစ်ဖွင့်လိုသူအား ထောက်ခံပေးခြင်းဖြင့် လွယ်ကူမှုရှိစေရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။

၃။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ဘဏ်စာရင်းသစ်ဖွင့်လှစ်ရာ၌ တင်ပြလာသည့် စာရွက်စာတမ်း၊ အထောက်အထားများကိုစိစစ်၍ ပြည့်စုံပါက မည်သည့်မေးခွန်းမျှ မေးမြန်းခြင်းမပြုဘဲ စာရင်းသစ်ဖွင့်လှစ်ပေးလျက်ရှိပါသည်။

၄။ ကုမ္ပဏီများမှတင်ပြလာသည့် အထောက်အထားများအနက် B.O.D Resolution (Board of Director Resolution)အား ရုရှား၊ ဂျပန်၊ တရုတ်ဘာသာနှင့် အခြားဘာသာတို့ကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုစေပြီး Notary ပြုလုပ်စေကာ၊ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၏ ထပ်ဆင့်အတည်ပြုချက်ရယူပါသည်။ အင်္ဂလိပ်ဘာသာဖြင့်တင်ပြလာပါက Notary ပြုလုပ်စေခြင်းမရှိဘဲ အမြန်စာရင်းသစ်ဖွင့်လှစ်ပေးလျက်ရှိပါသည်။

၅။ E-Pension ပင်စင်စနစ်သည် ယခင်ပင်စင်စနစ်ဟောင်းထက် အဆင့်များစွာ လျှော့ချထားသည့် အလွန်လျင်မြန်သည့်စနစ်ဖြစ်ပြီး E-Pension ကတ်ဖြင့် ပင်စင်လစာငွေများ ထုတ်ယူရာတွင် အချိန်ကြန့်ကြာမှုများမရှိစေရေး လုပ်ဆောင်ပေးလျက်ရှိပါသည်။ ကိုယ်တိုင်လာရောက် မထုတ်နိုင်သူများကိုသာ ကိုယ်စားလှယ်လွှဲစာဖြင့် လာရောက်ထုတ်ယူစေခြင်းဖြစ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ ၂၀၁၀ ခုနှစ်၊ မတ်လမှစတင်၍ အရည်အချင်းပြည့်ဝသော ယာဉ်မောင်းများပေါ်ထွက်လာရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများသိရှိလိုက်နာစေရေးတို့အတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ်/တိုင်းဒေသကြီးရုံးခွဲ/ခရိုင်/ရွှေ့တန်းရုံးများတွင် ရက်တိုယာဉ်မောင်းသင်တန်း (မော်တော်ဆိုင်ကယ်မောင်းသင်တန်းအတွက် ၃ ရက်၊ မော်တော်ယာဉ်မောင်းအတွက် ၅ ရက်)ဖြင့် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သာလျှင် ယာဉ်မောင်းနှင်ခွင့်ရှိသော တစ်ခုတည်းသော အထောက်အထားဖြစ်ပြီး အခြားစာရွက်စာတမ်းများဖြင့် အစားထိုး၍ မရပါကြောင်း၊ အခြားသက်သေခံ/ ထောက်ခံစာများဖြင့် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ အစားထိုးမှုကိုလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အဖွဲ့အစည်းများက လက်ခံ၍မရကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်ထုတ်ပေးထားသော Myanmar Driving License သာ ယာဉ်မောင်းနှင်ချိန် စစ်ဆေးခံရမှုတွင် ပြသနိုင်မှသာ တရားဝင်ကြောင်း သင်တန်းဖွင့်ခွင့်ပြုထားသည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများအားလုံးသို့ ရုံးအမိန့်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

**Gas မီးခြစ်တင်သွင်းခြင်းကိစ္စနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ဆောင်ရွက်မှုအခြေအနေများ**

၁။ Zulu Alpha Co.,Ltd မှ Gas မီးခြစ်တင်သွင်းခြင်းကိစ္စနှင့် ပတ်သက်၍ လုပ်ငန်းနှောင့်နှေးကြန့်ကြာမှုများရှိနေကြောင်း တင်ပြလာသည့် အကြံပြုစာအပေါ် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အဆိုပါကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မည့်နေရာသည် လုံခြုံမှုနှင့် သတ်မှတ်အနေအထားရှိ/မရှိ စစ်ဆေးနိုင်ရန် သတ္တုတွင်းဦးစီးဌာနမှ ကိုယ်စားလှယ် အရာထမ်းတစ်ဦး ပါဝင်သည့် စစ်ဆေးရေးအဖွဲ့အား ၂၄-၁-၂၀၁၃ရက်နေ့တွင် ဖွဲ့စည်းပြီး စစ်ဆေးဆောင်ရွက်ရန် စီမံခဲ့ပါသည်။

၂။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းအတိုင်း ဆောင်ရွက်ခဲ့သော်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တင်သွင်းခွင့်လိုင်စင်ရရှိပြီးဖြစ်သဖြင့် စစ်ဆေးရန် မလိုကြောင်း Zulu Alpha Co.,Ltd မှပင် ပြန်လည်အကြောင်းကြားခဲ့ပြီး စစ်ဆေးမခံသဖြင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဆက်လက်အရေးယူဆောင်ရွက်ခဲ့မှု မပြုနိုင်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပြည်ဝင်/ပြည်ထွက် ခရီးသည်များ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ အောက်ဖော်ပြပါအတိုင်း တိုးချဲ့ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်-

(က) **လေဆိပ်စစ်ဆေးရေး ကောင်တာများ တိုးချဲ့ဆောင်ရွက်ခြင်း**

(၁) ပြည်ပဆိုက်ရောက်တွင် ယခင် (၁၈)ကောင်တာမှ ၁၇-၉-၂၀၁၂ ရက်နေ့တွင် (၂၁)ကောင်တာသို့ တိုးချဲ့ဆောင်ရွက်ခဲ့ခြင်း။

(၂) ပြည်ပထွက်ခွာတွင် ယခင် (၁၀)ကောင်တာမှ ၂၄-၁၁-၂၀၁၁ ရက်နေ့တွင် (၁၆)ကောင်တာသို့ တိုးချဲ့ဆောင်ရွက်ခဲ့ခြင်း။

(ခ) **ဆိုက်ရောက်ဗီဇာ (Visa On Arrival) ထုတ်ပေး ဆောင်ရွက်ခြင်း။** ၁-၆-၂၀၁၂ ရက်နေ့တွင် နိုင်ငံပေါင်း (၂၇)နိုင်ငံအား ဆိုက်ရောက်ဗီဇာ (Visa On Arrival) ထုတ်ပေးဆောင်ရွက်ခဲ့ပြီး ၁-၂-၂၀၁၃ ရက်နေ့တွင် ထပ်တိုး(၂၂)နိုင်ငံအား ထပ်မံခွင့်ပြုခဲ့ပြီး ၁၈-၃-၂၀၁၃ ရက်နေ့တွင် နီပေါနိုင်ငံအား ထပ်မံခွင့်ပြုခဲ့သဖြင့် စုစုပေါင်း နိုင်ငံ (၅၀)အား ဆိုက်ရောက်ဗီဇာ (Visa On Arrival) ထုတ်ပေးဆောင်ရွက်ခဲ့ပါသည်။

(ဂ) **အထွေထွေဖြေလျှော့ပေးခဲ့သည့်အချက်များ**

(၁) Form-D လိုအပ်ချက်ကို ၁၅-၃-၂၀၁၃ ရက်နေ့တွင် ဖြေလျှော့ပေးခြင်း။

(၂) ဝင်/ထွက် စစ်ဆေးပြီး ရော်ဘာတံဆိပ်တုံးများကိုလည်း အလိုအလျောက် ရက်စွဲပါမင်ထည့်ပြီး စနစ်ဖြင့် ၁-၄-၂၀၁၃ ရက် နေ့မှ စတင်သုံးစွဲ ဆောင်ရွက်ခြင်း။

(၃) စစ်ဆေးရေးဝန်ထမ်းများအားလည်း လုပ်ငန်းကျွမ်းကျင်အောင် လေ့ကျင့်ပေးခြင်း။

(၄) ထိုအချက်များကြောင့် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အောက်ဖော်ပြပါ အချိန်စံနှုန်းများအတိုင်း လျင်မြန်ချောမွေ့စွာ စစ်ဆေးလျက်ရှိပါသည်-

(ကက) **ဆိုက်ရောက်**။ မြန်မာခရီးသည်တစ်ဦးလျှင် စက္ကန့် (၃၀) နှင့် နိုင်ငံခြားသားခရီးသည်တစ်ဦးလျှင် (၄၅) စက္ကန့်၊

(ခခ) **ထွက်ခွာ**။ မြန်မာ/နိုင်ငံခြားသားခရီးသည် တစ်ဦးလျှင် (၄၅) စက္ကန့်။

၂။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်မှုအပေါ် မကျေလည်မှုများ၊ မေးမြန်းစုံစမ်းလိုသည်များရှိခဲ့ပါက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ထပ်မံပေးပို့အကြောင်းကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့**

# သင်္ဘောဝမ်းဗိုက်အတွင်း သန့်ရှင်းရေးပြုလုပ်စဉ် အသက်ရှုကျပ်၍ သုံးဦးသေဆုံး

**ရန်ကုန် မေ ၉**

မြိတ်မြို့ ကန်ကြီးရပ်ကွက် မြိတ်/ကျွန်းစုဒေသရှိ သစ်ထုတ်လုပ်ကွက်များမှ သစ်များကို အငှားတင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် လွန်ခဲ့သောတစ်လခန့်မှစ၍ ကျောက်ချ ရပ်နားထားသည့် MV ဇဝနအမည်ရှိ တွန်းသင်္ဘောနှင့်တွဲလျက် BARGE-11 Singapore ကုန်တင်သင်္ဘောမှ သင်္ဘောရေယာဉ်မှူး ဦးရဲရွှေ ပါ ၁၅ ဦးတို့သည် မေ ၇ရက် နံနက် ၇ နာရီခွဲက သင်္ဘောအတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

သန့်ရှင်းရေး ဆောင်ရွက်ရန် ဒုတိယရေယာဉ်မှူးဇင်ကိုဦး(ခ)ကြက်ဖ (၂၄နှစ်)မှာ သင်္ဘောဝမ်းဗိုက်အတွင်း ရောက်ရှိစဉ် လဲကျသွားသည်ကို သင်္ဘောသားခေါင်းဆောင် ကျော်မြင့်(ခ)ကျော်ကျော်မြင့် (၂၉ နှစ်)မှ တွေ့မြင်ရသဖြင့် ကူညီရန် သွားရောက်စဉ် သင်္ဘောဝမ်းဗိုက်အတွင်း လဲကျသွားပြန်သဖြင့် သင်္ဘောသား ဝင်းထွန်း (၂၈နှစ်)က ကူညီကယ်တင်ရန် သင်္ဘောဝမ်းဗိုက်အတွင်းသို့သွားရောက်စဉ် ထပ်မံလဲကျသွားသည်။ သတိလစ်လဲကျနေသူ သုံးဦးအား ကယ်ဆယ်ရန် သင်္ဘောဆီလောင်း သန်းထိုက်အောင် (၃၂ နှစ်)က သင်္ဘောဝမ်းဗိုက်အတွင်းသို့ ကြိုးနှင့်ဆင်း၍ ဝင်းထွန်းအား အပေါ်သို့ဆွဲတင်ရန် ကြိုးချည်ပြီးချိန်တွင် သန်းထိုက်အောင်လည်း ထပ်မံလဲကျသွားခဲ့သည်။ ထိုစဉ် စက်ဆရာဇော်လွင်က တွန်းသင်္ဘောတွင်တပ်ဆင်ထားသော အောက်ဆီဂျင်ပေးသည့် ကိရိယာတပ်ဆင်၍ သင်္ဘောဝမ်းဗိုက်အတွင်းသို့ဆင်းကာ သန်းထိုက်အောင်၊ ကျော်မြင့်(ခ)ကျော်ကျော်မြင့်နှင့် ဇင်ကိုဦး(ခ) ကြက်ဖတို့အား သင်္ဘောကုန်းပေါ်သို့ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း ၎င်းတို့ သုံးဦးစလုံးမှာသေဆုံးနေပြီး ဝင်းထွန်းမှာ အသက်ရှုကျပ်ဝေဒနာကြောင့် မြိတ်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ဖြစ်စဉ်မှာ အောက်ဆီဂျင်ပေးသည့် ကိရိယာမပါရှိဘဲ သင်္ဘောဝမ်းဗိုက်အတွင်းသို့ သန့်ရှင်းရေးပြုလုပ်ရန် ဝင်ရောက်ရှင်းလင်းရာမှ လွန်ခဲ့သော တစ်နှစ်ကျော်ခန့်ကတည်းက ပိတ်ထားသည့် အခန်းအတွင်း အန္တရာယ်ဖြစ်စေနိုင်သည့် လေထုကြောင့် အသက်ရှုကျပ်ကာ သေဆုံးရခြင်းဖြစ်ပြီး မြိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

**(သတင်းစဉ်)**

ဆောင်းပါး

# စတော့အိတ်ချိန်းဆိုသည်မှာ(၃)

ခိုင်ဇင်ဝင်း

ယခုတစ်လောတွင် ပြည်တွင်းစီးပွားရေးလုပ်ငန်းအသေးစားများနှင့် အလတ်စားများအဖို့ လုပ်ငန်းတိုးချဲ့ရန် အရင်းအနှီးမလုံလောက်မှုနှင့် ကြုံတွေ့နေရကြောင်း ကြားသိနေရပါသည်။ နေ့စဉ်ထုတ်သတင်းစာများတွင်ပင် ဤသတင်းများပါရှိနေခဲ့ပါသည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အရင်းအနှီးရရှိရန် စဉ်းစားကြရာ၌ ဘဏ်ချေးငွေရရှိရေးကိုသာ အဓိကထားစဉ်းစားကြသည်ကို တွေ့ရှိရပါသည်။ စီးပွားရေးလုပ်ငန်းအတွက် လိုအပ်သော အရင်းအနှီးရရှိရန် ဘဏ်များမှချေးငွေယူကြရာတွင် ချေးယူသူအနေဖြင့် ဘဏ်များသို့ တစ်နှစ်အတွက်အတိုး ၁၃ ရာခိုင်နှုန်းပေးရပါမည်။ မရွှေ့မပြောင်းနိုင်သော အာမခံအပေါင်ပစ္စည်း၏ ပိုင်ရေးဆိုင်ခွင့် အထောက်အထားစာရွက်စာတမ်းမူရင်းများကို ဘဏ်၌အပ်နှံထားရပါမည်။ ထိုအပေါင်ပစ္စည်းကို အတင်းအကျပ် ရောင်းချသောတန်ဖိုး (Force Price Value) သည် ချေးယူငွေထက်မြင့်မားရပါမည်။ ငွေချေးယူသူအနေဖြင့် ချေးယူထားသောငွေကို အကြောင်းတစ်စုံတစ်ရာကြောင့် ပြန်မဆပ်နိုင်သောအခါ အာမခံအပေါင်ပစ္စည်းကို တရားရုံးအမိန့်ဖြင့်ရောင်းချပြီး ရရှိမည့်တန်ဖိုးသည် ထုတ်ချေးထားသော ငွေပမာဏထက်များရမည်ကို ဆိုလိုပါသည်။ ထို့ကြောင့် ငွေချေးယူသူတင်ပြအပ်နှံထားသော အာမခံအပေါင်ပစ္စည်းသည် ငွေချေးယူသူ၏ အမည်ပေါက်ပိုင်ဆိုင်သောပစ္စည်းလည်း ဖြစ်ရပါမည်။ ထုတ်ချေးပေးသည့် ကာလမှာလည်း နှစ်တိုသာရပါမည်။ နှစ်ရှည်မရပါ။ တစ်နှစ်တစ်ကြိမ်သက်တမ်းတိုးသွားရပြီး တစ်နှစ်လျှင် ထုတ်ချေးငွေပမာဏ၏ ရာခိုင်နှုန်းတစ်ခုကို ပြန်လည်ပေးဆပ်သွားရပါသည်။ အထက်ပါ အကြောင်းအချက်များကိုကြည့်လျှင် စီးပွားရေးလုပ်ငန်းရှင်များအဖို့ အရင်းအနှီးလိုအပ်ချက်ကြောင့် ဘဏ်များ၌ ငွေချေးယူကြရာတွင် ကန့်သတ်ချက် များစွာရှိနေသည်ကို တွေ့ကြရပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် စတော့အိတ်ချိန်းမပေါ်ပေါက်သေးပါ။ သို့ရာတွင် အများပိုင်ကုမ္ပဏီများဖွဲ့စည်းလျက် အများပြည်သူသို့အစုရှယ်ယာများ ထုတ်ဝေရောင်းချလျက်ရှိသည်ကိုတွေ့ရပါသည်။ လုပ်ငန်းတိုးချဲ့ရန် အရင်းအနှီးမလုံလောက်မှုနှင့် ကြုံတွေ့နေရသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိလုပ်ငန်း၏ အတိုင်းအဆ၊ ဈေးကွက်၏ အလားအလာများကိုတွက်ဆလျက် ဈေးကွက်ချဲ့ထွင်နိုင်စွမ်းရှိပါက အများပိုင်ကုမ္ပဏီများထူထောင်လျက် အစုရှယ်ယာများ ထုတ်ဝေရောင်းချခြင်းဖြင့် အရင်းအနှီးများရရှိနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းများ တူရာတူရာတို့ စုစည်းပြီးနောက် အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းသင့်ပါသည်။ ထိုအခါ၌ အဆိုပါစီးပွားရေးလုပ်ငန်းရှင်များမှ CO-FOUNDER များ ဖြစ်လာပါမည်။ (ဥပမာအားဖြင့်-မြေလတ်/အညာဒေသရှိ ပဲလုပ်ငန်းရှင်အသေးစားနှင့်အလတ်စားများ တူရာတူရာ စုစည်းလျက် အများပိုင်ပဲကုမ္ပဏီကြီး ထူထောင်ခြင်းမျိုးဖြစ်ပါသည်။ ပဲစိုက်ရာနယ်မြေအကျယ်အဝန်းအလိုက် ပဲဝယ်ယူရှိနိုင်မည်ဖြစ်ပြီး ပြန်လည်ရောင်းချရမည့်ပမာဏမှာလည်း ပြည်ပသို့တင်ပို့ရမည့်ဈေးကွက်ပမာဏ ဖြစ်ပါသည်။ ဤကဲ့သို့ အခြေအနေမျိုးတွင် အရင်းအနှီးပမာဏများစွာလိုအပ်မည်ဖြစ်ပြီး အများပိုင်ကုမ္ပဏီဖွဲ့စည်းတည်ထောင်၍ အစုရှယ်ယာများ ထုတ်ဝေရောင်းချမှုမှာ အထူးသင့်လျော်လှသည်ဟု ဆိုရပါမည်။)

လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်သည်နှင့်အမျှ ထိုလုပ်ငန်းကြီး၏ အောင်မြင်မှုမှာ ထိုလုပ်ငန်းကြီးကို ဦးစီးဦးဆောင်ပြုမည့်သူ၏အရည်အသွေးက အဓိကဖြစ်ပါသည်။ အချို့လုပ်ငန်းကြီးများတွင် ကနဦး လုပ်ငန်းထူထောင်ကြသူများထဲမှ အရည်အသွေးရှိသူတစ်ဦးက CEO အဖြစ် တာဝန်ယူဆောင်ရွက်ကြပါသည်။ အချို့လုပ်ငန်းကြီးများတွင်မူ အရည်အသွေးရှိသူ ပြင်ပမှ CEO တစ်ဦးကို ငှားရမ်း၍ လုပ်ငန်းဆောင်ရွက်ကြပါသည်။ လုပ်ငန်းထူထောင်ကြသူများက Board of Director များအဖြစ် လုပ်ငန်းကို အမြဲမပြတ်စောင့်ကြည့်လျက် ဝိုင်းဝန်းပံ့ပိုးမှုများပြုကြပါသည်။ ထိန်းကျောင်းတည့်မတ်မှုများပြုကြပါသည်။

ဤသို့ဖြင့် ကမ္ဘာတွင် CEO လူတန်းစားတစ်ရပ် ပေါ်ပေါက်လာခဲ့ပါသည်။ CEO တို့သည် ကုမ္ပဏီအတွက် အမြတ်အစွန်းကြီးစွာ ဖြစ်ထွန်းအောင် စွမ်းဆောင်ပေးရသလို ရရှိသည့်လစာမှာလည်း လွန်စွာများပြားပါသည်။ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာကို ဝယ်ယူတော့မည်ဆိုလျှင် ထိုကုမ္ပဏီ၏ အချက်အလက်များပေါ်မူတည်၍ နည်းလမ်းအမျိုးမျိုးဖြင့် တွက်ချက်ဆန်းစစ်ကြည့်ရသကဲ့သို့ အဆိုပါကုမ္ပဏီကို ဦးစီးဦးဆောင်ပြုနေသည့် CEO ကိုလည်း အဓိကထား ကြည့်ရှုကြရပါသည်။ ရင်းနှီးမြှုပ်နှံသူ ကမ္ဘာကျော်သူဌေးကြီး ဝါရင်းဘတ်ဖတ်သည် ကုမ္ပဏီတစ်ခု၏ ရှယ်ယာကိုဝယ်ယူရာတွင်CEO ကို အဓိကထားကြည့်ရှုသည်ဟု ဆိုပါသည်။ CEO ကို မယုံကြည်ပါလျှင် ဝါရင်းဘတ်ဖတ်သည် ထိုကုမ္ပဏီ၏ရှယ်ယာကို ဝယ်ယူခြင်းမပြုဟုသိရပါသည်။

လွန်ခဲ့သော နှစ်လခန့်က ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး ဦးဆောင်သော အများပိုင်ကုမ္ပဏီကြီးတစ်ခုက အစုရှယ်ယာများ ထုတ်ရောင်းရာတွင် (သူကိုယ်တိုင်ဦးစီးဦးဆောင်သည်ဖြစ်၍)အစုရှယ်ယာများကို ယုံကြည်စွာဝယ်ယူနိုင်ကြောင်း တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်ကို ဖတ်ရပါသည်။ အစုရှယ်ယာတစ်ခုသည် ယုံကြည်စိတ်ချရခြင်း၊ မယုံကြည် စိတ်မချရခြင်းသည် အတိုင်းအတာတစ်ခုအထိ အရေးကြီးသော်လည်း ကုမ္ပဏီလုပ်ငန်းအောင်မြင်ခြင်း၊ အမြတ်အစွန်းရအောင် ဆောင်ရွက်နိုင်ခြင်းများက အဓိကဖြစ်ပါသည်။ အမြတ်အစွန်းမရလျှင်ရှယ်ယာတစ်စောင်ချင်းအလိုက် အမြတ်ဝေစုခွဲမပေးနိုင်ပါ။ အမြတ်မရသောရှယ်ယာသည် ဈေးမတက်ပါ။ အများပြည်သူကြား အရောင်းအဝယ်ပြုသောဈေးကွက် (Secondary Market)အတွင်း ဈေးမတက်သော ရှယ်ယာသည် အဝယ်မရှိတော့လျှင် ဈေးကျပါလိမ့်မည်။ ထိုအခါ ယုံကြည်စိတ်ချရပါသည်ဆို၍ ဝယ်ထားသော အစုရှယ်ယာရှင်များမှာ အရှုံးနှင့်ရင်ဆိုင်ရပါလိမ့်မည်။ ထို့ကြောင့် ကုမ္ပဏီတစ်ခုသည် ရှယ်ယာများထုတ်ရောင်း၍ အရင်းအနှီးများရလာရုံဖြင့် ဝမ်းသာနေ၍မပြီးပါ။ ထိုအရင်းအနှီးများကိုအရင်းပြု၍ အမြတ်အစွန်းရအောင်ဆောင်ရွက်ပြီး ရှယ်ယာရှင်တို့၏ အကျိုးစီးပွားကို ထမ်းဆောင်ရမည်မှာ အဓိကဖြစ်သည်ကို မမေ့အပ်ပါ။

အစုရှယ်ယာများအပေါ် အမြတ်ခွဲဝေပေးရာ၌ အချို့သောကုမ္ပဏီများမှာ အမြတ်အစွန်းမှန်သမျှကို ရှယ်ယာတစ်စောင်ခြင်းအလိုက် အမြတ်ဝေစုအဖြစ် အကုန်ခွဲဝေပေးပါသည်။ အချို့ကုမ္ပဏီများမှာ အမြတ်အစွန်းမှန်သမျှကို အမြတ်ဝေစုအဖြစ် ခွဲဝေပေးခြင်းမပြုဘဲ ကုမ္ပဏီ၏လုပ်ငန်းများ တိုးချဲ့ရန်အတွက် ပြန်လည်ရင်းနှီးမြှုပ်နှံလိုက်ကြပါသည်။ အချို့ကုမ္ပဏီများကမူ လုပ်ငန်းများတိုးချဲ့ရန်ရှိသော်လည်း ရှယ်ယာတစ်စောင်ချင်းအလိုက် ရရှိမည့်အမြတ်ဝေစုအပေါ် အချို့တစ်ဝက်ကို ငွေသားအဖြစ်ပေးချေပြီး ကျန်တန်ဖိုးကို အစုရှယ်ယာများ အဖြစ်ဖြင့် ရှယ်ယာပိုင်ရှင်များအား ခွဲဝေပေးပါသည်။ အစုရှယ်ယာများအဖြစ်ဖြင့် ခွဲဝေပေးလိုက်သော ငွေသားတန်ဖိုးကို လုပ်ငန်းများချဲ့ထွင်ရာတွင် ပြန်လည်အသုံးပြုကြပါသည်။ ထိုအခါ ရှယ်ယာပိုင်ရှင်များမှာ ငွေသားဖြင့် အကျိုးအမြတ်လည်းရ အစုရှယ်ယာတန်ဖိုးများ ဈေးလည်းတက်ကုမ္ပဏီမှာလည်း လုပ်ငန်းချဲ့ထွင်နိုင်သော အကျိုးကျေးဇူးများ ရရှိကြပါသည်။

စတော့အိတ်ချိန်းများ ပေါ်ပေါက်လာလျှင် ဘဏ်များသည် အဓိက အခန်းကဏ္ဍမှပါဝင်လာမည်ကို ယခင်ဆောင်းပါးအမှတ်(၁)တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ စတော့အိတ်ချိန်းများ ပေါ်ပေါက်လာမည်ကိုရည်စူး၍ ဘဏ်များအနေဖြင့် ယခုကတည်းက မည်သို့ပြင်ဆင်ထားပါသလဲဟူသော မေးခွန်းမှာမေးသင့်သော မေးခွန်းဖြစ်ပါသည်။

စတော့အိတ်ချိန်းများပေါ်ပေါက်လာသောအခါ အများပိုင်ကုမ္ပဏီများမှာ စတော့အိတ်ချိန်းတွင် စာရင်းဝင်ပြီး (Listed) ဖြစ်ပြီးဖြစ်၍ ဘဏ်များအနေဖြင့် အဆိုပါအများပိုင်ကုမ္ပဏီများကို ငွေထုတ်ချေးရန် ပိုမိုကောင်းမွန်ပေလိမ့်မည်ဟူသော အတွေးမျိုးမှာ စဉ်းစားစရာဖြစ်ပါသည်။

စတော့အိတ်ချိန်းများတွင်စာရင်းဝင်ပြီးသော ကုမ္ပဏီများအနေဖြင့် အစကနဦးပိုင်းကတည်းကပင် အများပြည်သူသို့ ရှယ်ယာများထုတ်ရောင်းထားပြီး (အရင်းအနှီးရှာဖွေထားပြီး) ဖြစ်ပေလိမ့်မည်။ ထိုကဲ့သို့သော ကုမ္ပဏီများအနေဖြင့် အရင်းအနှီးမလုံလောက်မှုကြောင့် ဘဏ်များတွင် ငွေထပ်မံချေးယူဦးမည်ဆိုလျှင် (ချေးယူခွင့်ရှိသော်လည်း) ကုမ္ပဏီ၏ ပုံရိပ်ကျဆင်းသွားမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ကုန်ပစ္စည်းလက်ကျန်နည်းခြင်း၊ ငွေသားလက်ကျန်များခြင်း (အရင်းအနှီးအတွက် ငွေသားအလုံအလောက်ရှိနေခြင်း)သည် ကုမ္ပဏီ၏ ပုံရိပ်ကောင်းများဖြစ်၍ မလွှဲသာသည့်အဆုံးမှသာ ဘဏ်မှငွေထပ်ချေးယူမှုကို စဉ်းစားကြပေလိမ့်မည်။ သို့ဖြစ်၍ ဘဏ်များအနေဖြင့် စတော့အိတ်ချိန်းများ ပေါ်ပေါက်လာလျှင် စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများကို ငွေချေးမည်ဟု ဈေးကွက်အခွင့်အလမ်းတစ်ရပ်အနေဖြင့် မှတ်ယူလျှင် သင့်ပါမည်လားဆိုသည်မှာ စဉ်းစားစရာဖြစ်ပါသည်။

နောက်တစ်ခုမှာ စတော့အိတ်ချိန်းများ ပေါ်ပေါက်လာပါလျှင် စာရင်းဝင်ကုမ္ပဏီများမှအစုရှယ်ယာများ ရောင်းဝယ်ကြရာ၌ ငွေဖြစ်လွယ်မှု (Lidiquidity) မဖြစ်သေး၍ ဘဏ်များအနေဖြင့် (ဘဏ်တွင်ငွေလာစုသူများကို အချိန်မရွေး ငွေပြန်ထုတ်ပေးနိုင်ရန် ဝယ်ယူထားသော အစုရှယ်ရာများ အလွယ်တကူထုတ်ရောင်း၍ မရမှုကြောင့်) အစုရှယ်ယာများ ဝယ်ယူရင်းနှီးမြှုပ်နှံမှုများပြုလုပ်၍ ရနိုင်ခြေမရှိနိုင်သေးပါဟူသော အတွေးမျိုးမှာလည်း စဉ်းစားစရာဖြစ်ပါသည်။

စတော့အိတ်ချိန်းများ မထူထောင်နိုင်မီတွင် မည်သည့်တာဝန်မျှယူနိုင်ဦးမည် မဟုတ်သေးသော်လည်း စတော့အိတ်ချိန်းများ ပေါ်ပေါက်လာပြီဆိုပါလျှင် အိတ်ချိန်း၌ ရောင်းဝယ်ကြသည့် အစုရှယ်ယာများကို တတ်နိုင်သမျှငွေဖြစ်လွယ်မှုဖြစ်စေရန် တာဝန်တစ်ရပ်ကဲ့သို့ ဆောင်ရွက်ပေးရပါသည်။ ထိုကိစ္စအတွက် တာဝန်ရှိသူများအနေဖြင့် အိတ်ချိန်းမပေါ်ပေါက်မီကတည်းကပင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရပါသည်။ သေးငယ်သောကုမ္ပဏီများ၊ ယခုမှ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာသော ကုမ္ပဏီများ၏ အစုရှယ်ယာများ ရောင်းလိုမှု၊ ဝယ်လိုမှုအတွက် ရက်အနည်းငယ်စောင့်ကြရမည်ဖြစ်သော်လည်း သာမန်ရောင်းဝယ်နေကြသော ကုမ္ပဏီများ၏အစုရှယ်ယာများမှာ ချက်ချင်းအရောင်းအဝယ်ဖြစ်အောင်ဆောင်ရွက်ပေးကြပါသည်။ (အပိုအလို ဖြစ်နေသည့်တိုင်အောင်ကြားမှဝယ်ပေး၊ရောင်းပေးထားသည့်စနစ်တစ်ခုကို ဆောင်ရွက်ပေးထားကြပါသည်။) ထို့အပြင် စတော့အိတ်ချိန်းပေါ်ပေါက်လာသည်နှင့် အခွင့်အလမ်းကောင်းများပြည့်နှက်နေသည့် အများပိုင်ကုမ္ပဏီများ ပေါ်ပေါက်လာပြီး ၎င်း၏အစုရှယ်ယာများမှာ အဝယ်သာရှိ၊ အရောင်းမရှိသည့် ကုမ္ပဏီမျိုးမပေါ်ပေါက်နိုင်ဟု မည်သူပြောနိုင်ပါမည်နည်း။ စတော့အိတ်ချိန်းပေါ်ပေါက်လာသောအခါ စတော့ရှယ်ယာများ ရောင်းဝယ်မှုမှာ ငွေဖြစ်လွယ်မှုမရှိနိုင်သေးဟူသော ပိတ်၍စဉ်းစားထားမှုမှာအခွင့်အလမ်းကောင်းများ လွတ်ထွက်သွားနိုင်ပါသည်။

ထို့ကြောင့် ဘဏ်များအနေဖြင့် စတော့အိတ်ချိန်းပေါ်ပေါက်လာပါက (က) ကုမ္ပဏီများ၏ အစုရှယ်ယာများကို (မူလဈေးကွက်အဖြစ်) Under Writter Association အဖြစ် ရောင်းချပေးခြင်း၊ (ခ) (ဒုတိယဈေးကွက်ထဲတွင်)အများပြည်သူတစ်ဦးချင်းကို ပွဲခယူ၍ဝယ်ပေး၊ ရောင်းပေးခြင်း(ဤတွင် အကြံဉာဏ်ပေးမှုမပါသော ရောင်းပေး/ဝယ်ပေးမှုနှင့် အကြံဉာဏ်ပေးမှုပါသော ရောင်းပေး/ဝယ်ပေးမှုဟူ၍ ကွဲပြားသွားမည်ဖြစ်ပါသည်။ (ဂ) အလားအလာကောင်းသော ကဏ္ဍများ၌ ကိုယ်တိုင်ရင်းနှီးမြှုပ်နှံထားခြင်း၊ (ဃ) ကိုယ်ပိုင် Fund အဖွဲ့ထူထောင်ခြင်းဟူသော ကိစ္စရပ်များပေါ်ပေါက်လာမည်ဖြစ်ပါသည်။

(က)နှင့်(ခ)၏ အကြံဉာဏ်ပေးမှုမပါသော ရောင်းပေး/ဝယ်ပေးမှုများမှ သာမန် Banking Knowledge ဖြင့် ဆောင်ရွက်၍ ရနိုင်ပါသော်လည်း ကျန်အချက်များကို ပညာရှင်မရှိပါဘဲနှင့် ဆောင်ရွက်၍မရနိုင်ပါ။ Fund အဖွဲ့ကို မထူထောင်ချင်သေးလျှင်ရသော်လည်း အလားအလာကောင်းသော ကဏ္ဍများတွင် ကိုယ်တိုင်ရင်းနှီးမှုပြုရန်ကိစ္စများ၊ လုပ်သင့်လုပ်ထိုက်သောကိစ္စဖြစ်ပါသည်။ ထို့ကြောင့်ဘဏ်များအနေဖြင့် ကဏ္ဍပေါင်းစုံ၊ ဈေးကွက်ပေါင်းစုံကိုစုန်ချည်၊ ဆန်ချည် Analysis ပြုနိုင်မည့် ပညာရှင်များပေါ်ထွန်းလာစေရန် ယခုကတည်းက လေ့ကျင့်ပြုစုပျိုးထောင်ပေးသင့်ပါကြောင်း အကြံပြုရပါသည်။

နောက်တစ်ချက်မှာ စတော့အိတ်ချိန်းနှင့်မီဒီယာများကဏ္ဍပင် ဖြစ်ပါသည်။ စတော့အိတ်ချိန်းပေါ်ပေါက်လာသည်နှင့် စတော့အိတ်ချိန်းသတင်းများကို ပြည့်ပြည့်စုံစုံဖော်ပြပေးကြသော မီဒီယာများ အရေးပါလာမည်ဖြစ်ပါသည်။ မီဒီယာများအနေဖြင့် အကြမ်းအားဖြင့် တာဝန်နှစ်ရပ်ကိုထမ်းဆောင်ရမည်ဖြစ်ပါသည်။ ပထမအချက်မှာ ကဏ္ဍအသီးသီး၏ ဈေးနှုန်းများ အညွှန်းကိန်းများ အတက်အကျစသည့်အချက်အလက် Data များကို ဖော်ပြခြင်းဖြစ်ပြီး ဒုတိယအချက်မှာ ဈေးကွက်သတင်းများကို ဖော်ပြပေးခြင်းဖြစ်ပါသည်။ သတင်းဟုဆိုရာ၌ ကောင်းတာရော၊ မကောင်းတာရော ပါမည်ဖြစ်ပါသည်။ ပွင့်လင်းမြင်သာသောစစ်မှန်သည့် ဈေးကွက်စီးပွားရေးစနစ်တွင် အမှန်တရားကို ဖော်ထုတ်ရန်မှာ မီဒီယာများ၏ တာဝန်ပင်ဖြစ်ပါသည်။ (ဥပမာ-ကုမ္ပဏီတစ်ခုသည် Insider Trading မပြုလုပ်ရဟု တားမြစ်ထားသော်လည်း Insider Trading လုပ်သွားသည်ကို သတင်းစုံစမ်းဖော်ထုတ်ရေးသားခြင်းမျိုးဖြစ်ပါသည်။) မီဒီယာများ၏ မှားယွင်းရေးသားဖော်ပြမှုသည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုအတွက် နစ်နာသွားနိုင်သကဲ့သို့ အမှန်တရားကို ဖော်ထုတ်ရေးသား မဖော်ပြနိုင်ခြင်းကြောင့်လည်း ရှယ်ယာရှင်များ နစ်နာသွားနိုင်ပါသည်။ ထို့ကြောင့်မီဒီယာများအနေဖြင့် ကဏ္ဍအသီးသီး( Bonds၊ Shares၊ Currency၊ Precious Metal၊ Commondities)၏ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်း၊ အိတ်ချိန်းများအလုပ်လုပ်ပုံ၊ ရောင်းဝယ်ကြပုံစသည်တို့ကို အသေးစိတ် ကျယ်ကျယ်ပြန့်ပြန့် သိရှိထားရမည်ဖြစ်ပါသည်။

နောက်ဆုံးတင်ပြလိုသည်မှာ အင်တာနက်ကိစ္စဖြစ်ပါသည်။ အိတ်ချိန်းများကို မြန်မာပြည်အနှံ့မှ ဝင်ရောက်ရောင်းဝယ်ကြရာတွင် Online ကို အဓိကထား၍ ရောင်းဝယ်ကြမည်ဖြစ်ပါသည်။ အချို့မှာ တယ်လီဖုန်းကို အသုံးပြုပြီး ရောင်းဝယ်မည်ဖြစ်သော်လည်း နိုင်ငံရပ်ခြားစတော့အိတ်ချိန်းများသို့ ဝင်ရောက်ရောင်း/ဝယ်ရန်မှာမူ Online ကိုသာ အားထားအသုံးပြု၍ ရောင်း/ဝယ်ခြင်းပြုလုပ်ရမည်ဖြစ်ပါသည်။

ကမ္ဘာ့ငွေကြေးဈေးကွက်နှင့် ကမ္ဘာ့ရွှေဈေးကွက်တို့သည် စက္ကန့်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်လျက်ရှိရာ မြန်မာပြည်၌ ကမ္ဘာ့အဆင့်မီမြန်နှုန်းမြင့် Connection ကောင်းသော အင်တာနက်လိုင်းများ ပေါ်ပေါက်လာတော့မည့် အချိန်ကို မျှော်လင့်ရင်းဖြင့်သာ။

## လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ လယ်ဝေး၌ တောင်သူများလက်ဝယ်ပေးအပ်

လယ်ဝေး မေ ၉

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်အတွင်း တောင်သူများလက်ဝယ်သို့ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးလျက်ရှိရာ လက်မှတ်များ ပေးအပ်ပွဲကို မေ ၈ ရက် နံနက် ၁၀ နာရီက လယ်ဝေးမြို့နယ် မြေစာရင်းဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

**ပေးအပ်**

အခမ်းအနားတွင် တိုင်းမြေစာရင်းဦးစီးဌာနမှူး(ဒုတိယညွှန်ကြားရေးမှူး) ဦးဇော်မင်းအောင်က အမှာစကားပြောကြားပြီး လယ်ဝေးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်လွင်က လုပ်ပိုင်ခွင့်လက်မှတ်များ ဆက်လက်ထုတ်ပေးသွားနိုင်ရေး စီမံဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးညီညီလတ်က လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရေးဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ရေအိုးစင်ကျေးရွာအုပ်စုမှ တောင်သူ ၇၃ဦး၏ ဦးပိုင်လုပ်ကွက်ပေါင်း ၁၂၉ ကွက်နှင့် ရုံးပင်ကျေးရွာအုပ်စုမှ တောင်သူ ၃၀ ၏ ဦးပိုင်လုပ်ကွက် ၄၉ ကွက်တို့ကို လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်များ ပေးအပ်ခဲ့သည်။

**ဆောင်ရွက်**

လယ်ဝေးမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၆၃ အုပ်စုရှိရာ အခြားကျေးရွာအုပ်စုများရှိ တောင်သူများကိုလည်း လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)



ပြည်တွင်းသတင်း

# မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် မေ ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်ဟောင်းနှင့် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Hideo Watanabe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ်ဟောင်းနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe နှင့်အတူ Nippon Foundation ဥက္ကဋ္ဌ Yohei Sasakawa နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာ-ဂျပန်တပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာ-ဂျပန်ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ Nippon Foundation က မြန်မာနိုင်ငံအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကူညီဆောင်ရွက်ပေးမည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးအဆင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)




# မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၉

**မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ခြောက်နိုင်ငံနားလည်မှု စာချွန်လွှာ ဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand Ballroom ခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး United Nations Office on Drugs and Crime (UNODC) ရုံးချုပ်မှ ညွှန်ကြားရေးမှူး Mr. John SANDAGE တို့က အမှာစကားပြောကြားကြသည်။**

အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ်တို့မှ ကိုယ်စားလှယ်များ၊ UNODC ရုံးချုပ်နှင့် ဒေသဆိုင်ရာ UNODC ရုံးမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဒေသတွင်း Methamphetamine ပြဿနာအခြေအနေနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှု/ သယ်ဆောင်ရောင်းဝယ်မှုများတွင် နိုင်ငံတကာဂိုဏ်းဖွဲ့ကျူးလွန်သူများ ပါဝင်ပတ်သက်နေမှုအခြေအနေမှာ ဆိုးရွားလာကြောင်း၊ သုံးစွဲမှုမှာလည်း လူငယ်ထုအတွင်း စိုးရိမ်စရာတစ်ခုဖြစ်ကြောင်း၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပြန်လည်မြင့်တက်လာသည့် အခြေအနေနှင့် စိတ်ပြောင်းဆေးဝါးသစ်များ ပေါ်ထွက်လာမှုသည် အနာဂတ် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းများကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံတည်း ဖြေရှင်း၍မရဘဲ နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ MoU ခြောက်နိုင်ငံ၏ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် UNODC ၏ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေး၊ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော HIV/ AIDS ကူးစက်မှုလျှော့ချရေး၊ တားဆီးနှိမ်နင်းရေး၊ ဥပဒေရေးရာအပြန်အလှန် ကူညီရေးကဏ္ဍများတွင် ဒေသခွဲအတွင်း လုပ်ငန်းစီမံချက်များကို နှစ်နှစ် တစ်ကြိမ်ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် MoUအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ အဖြစ်လည်းကောင်း၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်း ဆောင်ရွက်လျက်ရှိရာ စီမံကိန်းကာလ နှစ်နှစ်သာ ကျန်ရှိကြောင်း၊ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ အသစ်ပေါ်ထွက်လာသော စိတ်ကြွဆေးပြားနှင့် အခြားစိတ်ပြောင်းဆေးဝါးသစ်များ အန္တရာယ် လျှော့ချရေးများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နောက်ထပ် ငါးနှစ် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ဘိန်းခင်းများ ဖျက်ဆီးရေးနှင့် အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုကြောင်း၊ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ရန် အသင့်ရှိကြောင်း၊ အာဆီယံ ရည်မှန်းချက်ဖြစ်သော ၂၀၁၅ ခုနှစ် မူးယစ်ဆေးဝါးကင်းစင်ရေး ရည်မှန်းချက် ပြည့်မီစေရေးအတွက် အထောက်အပံ့ဖြစ်စေရန် မြန်မာနိုင်ငံအနေဖြင့် အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

UNODC ကိုယ်စားလှယ်ခေါင်းဆောင်ကလည်း လက်ရှိဒေသတွင်း မူးယစ်ဆေးဝါးအခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး နားလည်မှုစာချွန်လွှာ အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသခွဲလုပ်ငန်းစီမံချက်ပါ လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများအပေါ် ကျေးဇူးတင်ရှိကြောင်း၊ အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးကို ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နားလည်မှုစာချွန်လွှာ အဖွဲ့ဝင်ခြောက်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ အစည်းအဝေးကို ကျင်းပရာ အစည်းအဝေးဥက္ကဋ္ဌ တာဝန်ဝတ္တရားများ လွှဲပြောင်းခြင်းကို ၂၀၁၁ ခုနှစ် နားလည်မှုစာချွန်လွှာ ဝန်ကြီးအဆင့် အစည်းအဝေး သဘာပတိဟောင်း လာအိုနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Kau Chansina က အမှာစကားပြောကြားပြီး လက်ရှိသဘာပတိအဖြစ် တာဝန်ထမ်းဆောင်မည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံသို့ သဘာပတိ တာဝန်ဝတ္တရားများအား လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် အစည်းအဝေးအစီအစဉ်အား အဖွဲ့ဝင်ကိုယ်စားလှယ်ခေါင်းဆောင်များက အတည်ပြုခဲ့ကြပြီး အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ UNODC ရုံး ဌာနေကိုယ်စားလှယ် Mr. Jeremy Douglas က ဒေသတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု၊ သယ်ဆောင်ရောင်းဝယ်မှုဆိုင်ရာ ပြောင်းလဲလာသည့်အခြေအနေများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် အဖွဲ့ဝင်နိုင်ငံ ကိုယ်စားလှယ်ခေါင်းဆောင်များက မိန့်ခွန်းပြောကြားခဲ့ကြပြီး မေ ၆ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သော အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသဘာပတိ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအစီရင်ခံစာကို ဖတ်ကြားတင်သွင်းခဲ့ရာ အဖွဲ့ဝင်နိုင်ငံများက အတည်ပြုခဲ့ကြသည်။

ဝန်ကြီးအဆင့် အစည်းအဝေးအပြီးတွင် အဖွဲ့ဝင်နိုင်ငံ ကိုယ်စားလှယ်ခေါင်းဆောင်များ လက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာ ခြောက်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ နေပြည်တော်ကြေညာစာတမ်းအား အတည်ပြုခဲ့ကြပြီး ၂၀၁၅ ခုနှစ်တွင် နားလည်မှုစာချွန်လွှာ ဝန်ကြီးအဆင့် အစည်းအဝေးအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ဗီယက်နမ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Pol . Lt- Gen Le Quy Vuong က ၂၀၁၅ ခုနှစ် ဝန်ကြီးအဆင့် အစည်းအဝေး ကျင်းပမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နားလည်မှုစာချွန်လွှာ အဖွဲ့ဝင် ခြောက်နိုင်ငံအကြား မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ နေပြည်တော်ကြေညာစာတမ်း လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဦးဆောင်၍ အဖွဲ့ဝင် ငါးနိုင်ငံနှင့် UNODC တို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးကြသည်။

အဆိုပါ နေပြည်တော် ကြေညာစာတမ်းထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်မှာ ပြောင်းလဲလာသည့် မူးယစ်ဆေးဝါး အန္တရာယ်သစ်များနှင့် အညီပြည့်စုံကောင်းမွန်သော မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒများ ပေါ်ထွက်လာစေရန် နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူလူထု အသိပညာပေးမှု၊ ပြန်လည်ထူထောင်ရေးနှင့် မူးယစ်ဆေးဝါး နောက်ဆက်တွဲ အန္တရာယ်များ လျှော့ချရေးစသည့် နယ်ပယ်အသီးသီးမှ အတွေ့အကြုံကောင်းနှင့် သင်ခန်းစာများဖလှယ်ရေး၊ အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အဖွဲ့အစည်းများအချင်းချင်း ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရေး၊ ပရိကာဆာထိန်းချုပ်ရေး၊ ရန်ပုံငွေရရှိရေးနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာများ ပိုမိုပြင်လာစေရေးတို့အား အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားအဆင့်တွင် ဦးစားပေးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး သတင်းစာရှင်းလင်းပွဲကို ကျင်းပရာ နားလည်မှုစာချွန်လွှာ အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ် ခေါင်းဆောင်များကိုယ်စား ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုက နားလည်မှု စာချွန်လွှာများ၏ သမိုင်း၊ အောင်မြင်မှုရလဒ်များနှင့် နေပြည်တော် ကြေညာစာတမ်း လက်မှတ်ရေးထိုးရခြင်း၏ ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားပြီး ပြည်တွင်းပြည်ပ သတင်းဌာနများမှ မေးမြန်းချက်များကို ပြန်လည် ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်းရောင်စုံနေ့စဉ်သတင်းစာကို မေ ၂၄ ရက် (ကဆုန်လပြည့်နေ့)မှစ၍ လေးမျက်နှာတိုးကာ (၂၄)မျက်နှာဖြင့်ထုတ်ဝေမည်

မြန်မာ့အလင်းရောင်စုံနေ့စဉ်သတင်းစာကို အားပေးဖတ်ရှုကြသော အနယ်နယ်အရပ်ရပ်မှ သတင်းစာဖတ်ပရိသတ်များ၏ ဆန္ဒကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်တွင်း ၊ နိုင်ငံတကာ၊ မှုခင်း၊ ပြည်တွင်း ပြည်ပအားကစား၊ ခရီးသွား၊ နယ်စပ်ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်သတင်းများ၊ ဆောင်းပါးများ၊ သတင်းဆောင်းပါးများ၊ ကဗျာ၊ ကာတွန်းတို့အပြင် ပြည်သူတို့၏ လိုအင်ဆန္ဒများကို မျက်ခြည်မပြတ် အလေးထားဖော်ပြနေသည့် စာတည်းထံပေးစာ၊ ထင်သာမြင်သာပြုပြင်စရာစသည့်ကဏ္ဍစုံ ဝေဝေဆာဆာဖော်ပြနိုင်ရန်အတွက် မေ ၂၄ ရက် (ကဆုန်လပြည့်နေ့)မှစ၍ လေးမျက်နှာတိုးကာ စာမျက်နှာ ၂၄မျက်နှာဖြင့် စျေးနှုန်းပြောင်းလဲမှုမရှိဘဲ ထုတ်ဝေဖြန့်ချိပေးသွားမည်ဖြစ်ပါကြောင်း မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များအား လေးစားစွာဖြင့် အသိပေးအပ်ပါသည်။ **(မြန်မာ့အလင်း)**

## မိုးတွင်းကာလအတွက် (ယာဉ်+ကုန်) တန်ချိန်ပြောင်းလဲသတ်မှတ်ခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ်များ လမ်း/တံတားများအသုံးပြုမောင်းနှင်ရာတွင် တင်ဆောင်ခွင့်ပြုသည့် (ယာဉ်+ကုန်)တန်ချိန် သတ်မှတ်ချက်များနှင့်ပတ်သက်၍ မိုးတွင်းကာလ၊ နွေကာလနှင့် ၂၀၁၅ ခုနှစ်တွင် သတ်မှတ်မည့် (ယာဉ်+ကုန်) တန်ချိန်သတ်မှတ်ချက် သုံးမျိုးအား ကြိုတင်ထုတ်ပြန်ကြေညာထားရှိခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မိုးတွင်းကာလသတ်မှတ်ထားရှိသည့် (၁၆-၅-၂၀၁၃) ရက်နေ့မှ (၃၀-၉-၂၀၁၃)ရက်နေ့ ကာလအတွင်း အောက်ဖော်ပြပါ ယာဉ်အမျိုးအစားလေးမျိုးသည် ပူးတွဲဖော်ပြပါ (ယာဉ်+ကုန်)သတ်မှတ်ချက်များအတိုင်း တင်ဆောင်မောင်းနှင်ရမည်ဖြစ်သည်-

(က) ၁၄ ဘီးကား(Lift Axle)(ယာဉ်+ကုန်)နွေကာလ ၃၁ တန်မှ မိုးကာလတန်၃၀။(ဘီးအားလုံးလမ်းပေါ်ချ၍ မောင်းနှင်ရမည်)

(ခ) ၁၄ ဘီးတွဲကား(ယာဉ်+ကုန်)နွေကာလ ၃၄ တန်မှ မိုးကာလ ၃၃ တန်။

(ဂ) ၁၈ ဘီးတွဲကား(ယာဉ်+ကုန်)နွေကာလ ၄၆ တန်မှ မိုးကာလ ၄၁ တန်။

(ဃ) ၂၂ ဘီးတွဲကား(ယာဉ်+ကုန်)နွေကာလ ၅၀ ဒသမ ၅ တန်မှ မိုးကာလ ၄၈ တန်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ပြည်တွင်းသတင်း

❋ *ကျောဖုံးမှ*

ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးစိုးသိန်း၊ ဦးဝင်းရှိန်၊ ကမ္ဘာ့ဘဏ်မှ Country Director Ms. Annette Dixon နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပနိုင်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့အကြား လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို အပြန်အလှန် ပိုမိုသိရှိနားလည်ပြီး ကမ္ဘာ့ဘဏ်အုပ်စု၏ စီမံကိန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်၍ မြန်မာနိုင်ငံသားများအတွက် ပိုမိုအကျိုးရှိလာစေမည်ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ Country Director Ms.Annette Dixon က "ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ လက်ရှိဆောင်ရွက်နေသောပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဖြစ်သည့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရေး၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရေးနှင့် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးစသည့် လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်သွားရန် ကတိကဝတ် ပြုထားပြီးဖြစ်သောကြောင့် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းခိုင်မာလာအောင် တည်ဆောက်လာနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘာ့ဘဏ်အုပ်စု၏ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအနက် တစ်ခုဖြစ်သည့် အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံအတွင်းဆောင်ရွက်သွားမည့် ကမ္ဘာ့ဘဏ်၏စီမံကိန်းများနှင့် စပ်လျဉ်း၍ အရည်အသွေးနှင့် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ကမ္ဘာ့ဘဏ်အုပ်စု၏အဖွဲ့အစည်းတစ်ခုဖြစ်သည့် ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများသို့ အတိုးမဲ့ချေးငွေများနှင့် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (International Development Association)၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ငွေကြေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ရလဒ်ကောင်းများ ထွက်ပေါ်စေရန် စီမံဆောင်ရွက်ခြင်းနှင့် ကမ္ဘာ့ဘဏ် စီမံကိန်းများ၏လုပ်ငန်းလည်ပတ်မှုဖြစ်စဉ်စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ သိရှိနိုင်ရန် ကျွန်တော်တို့သတင်းအဖွဲ့သည် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ကမ္ဘာ့ဘဏ်မှ Country Director Ms.Annette Dixon၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ဝါဝါမောင်တို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ပြည်ထောင်စုဝန်ကြီးခင်ဗျာ။ ယခု အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရတဲ့အကြောင်းရင်းနဲ့ မြန်မာနိုင်ငံနဲ့ ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်နေတဲ့လုပ်ငန်းများနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ဦးစိုးသိန်း(ပြည်ထောင်စုဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန)

ကမ္ဘာ့ဘဏ်နဲ့ ပြန်လည်ဆက်စပ်ပြီးတော့ ဆောင်ရွက်လာတော့ တိုးတက်မှုတွေလည်း ရှိလာတာပေါ့။ လုပ်ပေးမယ့် အလုပ်တွေကလည်း ပထမ သန်း ၈၀ ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ထောက်ပံ့တဲ့အနေနဲ့ ပေးထားတာပေါ့။ နောက်ပိုင်းမှာလည်း သန်း ၄၄၀ ကို ထပ်ပြီးတော့ ချေးငွေအနေနဲ့ အရင်တုန်းက အကြွေးတွေခုနှိမ်ပြီး ပေးထားပါတယ်။ အဲဒါပြီးရင် ဆက်ပြီးတော့ တိုင်းပြည်ကိုကူညီသွားဖို့ အစီအစဉ်လည်းရှိပါတယ်။ အဲဒီအစီအစဉ်တွေကို နားလည်ဖို့လိုပါတယ်။ သူ့ရဲ့ လုပ်နည်းလုပ်ဟန်တွေကို နားလည်ဖို့လိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မြန်မြန်ထက်ထက် လုပ်ရမှာတွေလည်း ကျွန်တော်တို့ နားလည်လာမယ်။ နောက်ပြီးတော့ ဘတ်ဂျက်နှစ်နဲ့လည်း သွားရတာဖြစ်တယ်။ IDA ဆိုတဲ့ သူများနိုင်ငံ အလှူရှင်တွေပေးတဲ့ ငွေတွေနဲ့ သွားရတာ ဖြစ်တဲ့အတွက်ကြောင့် ဒီအလုပ်ရုံဆွေးနွေးပွဲ လုပ်တော့ သက်ဆိုင်ရာဝန်ကြီးဌာနက အကောင်အထည်ဖော်တဲ့သူတွေ နားလည်တာပေါ့။ ဒီအကျိုးလေးကို ကျွန်တော်တို့ရပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဖြေကြားစဉ်။

(သတင်းစဉ်)

ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံကို ပထမအဆင့်ကတော့ သန်း ၈၀ ကူညီထားပြီးပြီ။ နောက်သန်း ၄၄၀ ကိစ္စက ဒါလည်း အတည်ပြုပြီးတော့ ဆောင်ရွက်ပြီးပြီ။ နောက်ထပ်က သူတို့ဘတ်ဂျက်နှစ်အတွင်း လာမယ့်ကာလတွေမှာ အကူအညီပေးနိုင်ဖို့ အကြမ်းဖျင်းတော့ သူတို့ဘက်က သန်း ၇၀၀ လောက်အထိ အတိုးနှုန်းသက်သာစွာနဲ့ ချေးငှားပေးနိုင်မယ်လို့ မှန်းထားပါတယ်။ အဓိကကတော့ လျှပ်စစ်မီးရရှိရေး၊ (Public Finance) ဒါတွေလည်း ပါပါတယ်။ ပညာရေးကဏ္ဍလည်း ပါပါတယ်။ ဒါလေးတွေကို သူတို့က အပိုင်းလိုက်၊ အပိုင်းလိုက် ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ကျွန်တော်တို့က ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ အရင်တုန်းက ကျွန်တော်တို့က ဒီလိုအကူအညီတွေ မရခဲ့ပါဘူး။ အခြားနိုင်ငံတွေနဲ့ အိန္ဒိယဆို ၂ ဒသမ ၅ ဘီလီယံလောက်ရတယ်၊ ဘင်္ဂလားဒေ့ရှ်ဆို သန်း ၈၀၀ ကျော်လောက် အကူအညီတွေရတယ်။ ကျွန်တော်တို့ကမရခဲ့ဘူး။ အခု သန်း ၄၄၀ လို့ တင်ထားတယ်။ သို့သော်လည်း နောင်နှစ်တွေမှာ သန်း ၇၀၀ လောက် ရနိုင်မယ့်အနေအထားတွေရှိတယ်။ စီမံကိန်းတွေလည်း လုပ်နေတယ်။ ဒီစီမံကိန်းတွေက ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနဲ့ ပြည်သူလူထု အကျိုးဖြစ်ထွန်းဖို့ ဒါလေးတွေကို ကျွန်တော်တို့ဆောင်ရွက်နေတယ်။ သူတို့လုပ်ငန်းတွေကို နားလည်ဖို့လိုတယ်။ တစ်ဖက်နဲ့တစ်ဖက်နားလည်ပြီး လုပ်ငန်းတွေကို အကောင်အထည်ဖော်မှာပါ။ ဒီလိုလုပ်နိုင်ဖို့အတွက် ကမ္ဘာ့ဘဏ်နဲ့ ချိတ်ဆက်ပြီးတော့ ဒီအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါတယ်။

ဒီနှစ်နှစ်တာကာလမှာ ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် အပြည်ပြည်ဆိုင်ရာ အနေနဲ့ ကျွန်တော်တို့နိုင်ငံသမ္မတကြီးနဲ့အစိုးရရဲ့ ဆောင်ရွက်နေမှုတွေကို သူတို့က နားလည်လာတယ်။ နားလည်ယုံကြည်လာတော့ အခုလို အကူအညီတွေပေးဖို့အတွက် စတင်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့မှာလည်း ဘတ်ဂျက်ဆိုတာအကန့်အသတ်ရှိတယ်။ ထို့အတူပဲ ရင်းနှီးမြှုပ်နှံမှုဆိုတာလည်း ကြိုက်မှ လာရောက်ရင်းနှီးမြှုပ်နှံမှာပါ။ ထို့အတူပဲ ချေးငွေတို့ အခြားအကူအညီပေးတာတို့ကလည်း အကန့်အသတ်ရှိတယ်။ ဒီလိုတကယ်ကို အတိုးနှုန်းသက်သာစွာနဲ့ ချေးခွင့်ရတဲ့ ကမ္ဘာ့ဘဏ်တို့၊ ADB တို့လို အဖွဲ့အစည်းတွေက ချေးပြီးတော့ ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် တိုင်းပြည်ပိုပြီးတော့ တိုးတက်မှာပေါ့။ မြန်မြန်နဲ့ တိုးတက်မှာပေါ့။ ပတ်ဝန်းကျင်မှာရှိတဲ့ ထိုင်းတို့၊ အင်ဒိုနီးရှားတို့၊ ဖိလစ်ပိုင်တို့၊ ဗီယက်နမ်တို့ ဒါတွေဟာ အတိုးနှုန်းအလွန်သက်သာတဲ့ ချေးငွေတွေနဲ့ ဆောင်ရွက်နိုင်တဲ့ အတွက်ကြောင့် အဘက်ဘက်က အများကြီး တိုးတက်လာတာပေါ့။ ဒီအတွက် ပြည်သူတွေကလည်း နားလည်ပေးရမယ်။ အင်မတန်ဝမ်းသာဖို့လည်း ကောင်းပါတယ်။"

**မေး။ ။ ကမ္ဘာ့ဘဏ်ရဲ့ အဓိကဆောင်ရွက်နေမှုများနဲ့ မြန်မာနိုင်ငံနဲ့ ဘယ်လိုကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်နေတယ်၊ ဆက်လက်ပြီးတော့ ဘယ်လိုပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတာနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ Ms. Annette Dixon (Country Director, THE WORLD BANK)

အစိုးရ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေမှာ ကူညီပြီးတော့မှ ပြည်သူလူထုရဲ့ အကျိုးဖြစ်ထွန်းရေးကို အဓိကရည်ရွယ်ပြီး စီမံကိန်းတွေကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဓိကအားဖြင့်တော့ ကမ္ဘာ့ဘဏ်အဖွဲ့အနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ အခြေခံအဆောက်အအုံတွေ တိုးတက်လာဖို့ လုပ်ဆောင်နေပါတယ်။ နောက်တစ်ခုအနေနဲ့ကတော့ လျှပ်စစ်ကဏ္ဍမှာ ပိုပြီးတော့ တိုးတက်မှုတွေ ရရှိအောင် ကူညီဆောင်ရွက်နေပါတယ်။ ထို့အပြင် ပြည်သူလူထု မိုဘိုင်းတယ်လီဖုန်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်အောင် အစိုးရဌာနတွေနဲ့ ပူးပေါင်းပြီးတော့ စီမံကိန်းတွေ လုပ်ဆောင်ဖို့ရှိပါတယ်။ နောက်တစ်ခုအနေနဲ့ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းတွေ လုပ်ဆောင်သွားဖို့လည်း ရှိပါတယ်။



ကမ္ဘာ့ဘဏ်မှ Country Director Ms. Annette Dixon ဖြေကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအစိုးရရဲ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုများ ပိုမိုတိုးတက်ကောင်းမွန်ပြီး စီမံကိန်းလုပ်ငန်းများကို ပိုမိုတိုးတက်ဆောင်ရွက်နိုင်လာအောင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနဲ့အတူ ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာ့ဘဏ်အဖွဲ့ဟာ မြန်မာပြည်သူလူထုကို ကူညီဖို့အတွက် အစိုးရနဲ့အတူ လက်တွဲလုပ်ဆောင်ဖို့ ပြန်လည်ပူးပေါင်းဆောင်ရွက်မှုတွေကိုလုပ်နေပါတယ်။ အဲဒီလို လုပ်ဆောင်တဲ့အခါမှာ ပြည်သူလူထုဆီကနေ အသံကို နားထောင်ပြီး လုပ်ငန်းတွေကို လုပ်ဆောင်သွားမှာဖြစ်ပါတယ်။"

**မေး။ ။ မြန်မာနိုင်ငံနဲ့ ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ငန်းများနဲ့ပတ်သက်ပြီး တိုးတက်မှုအခြေအနေကို သုံးသပ်ပြောကြားပေးပါခင်ဗျာ။**

ဖြေ။ ဒေါက်တာ ဒေါ်ဝါဝါမောင် (ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)

"မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာ့ဘဏ်က ပူးပေါင်းဆောင်ရွက်မှုတွေကို ဒီနှစ်ကနေစပြီးတော့ ပြန်လည်အကောင်အထည်ဖော်လာတယ်။ သူတို့က ၂၅ နှစ်လောက် မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပြတ်တောက်ခဲ့တယ်။ အထူးသဖြင့်တော့ ဆင်းရဲနွမ်းပါးမှုလျှော့ကျရေးနဲ့ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးမှာ ပူးပေါင်းဆောင်ရွက်နေပါတယ်။

နောင်ဆက်လက် အကောင်အထည်ဖော်ဖို့ ဖြစ်နိုင်ခြေရှိတဲ့ ဧရိယာတွေကတော့ ကျေးလက်ဒေသနဲ့ပတ်သက်တဲ့ ကျေးလက်မီးလင်းရေး၊ နောက်တစ်ခုက ဆက်သွယ်ရေးနဲ့ပတ်သက်တာတွေ၊ ICT ကဏ္ဍတွေ၊ ပညာရေးကဏ္ဍတွေနဲ့ နိုင်ငံမှာလိုအပ်နေတဲ့ ကျွမ်းကျင်လုပ်သားတွေနဲ့ ပညာရှင်များ ဥပမာပြောရရင် သတ္တုတွင်းနဲ့ပတ်သက်လို့ သတ္တုတွင်းကျွမ်းကျင်သူတွေ အဲဒါတွေကိုလည်း ကမ္ဘာ့ဘဏ်က ကူညီဖို့ရှိတယ်။ ကျွမ်းကျင်သူတွေကို ခေါ်ပေးမယ်။ လိုအပ်နေတဲ့ နည်းပညာနဲ့ပတ်သက်တဲ့ အကူအညီတွေလည်း ပေးမယ်။ ဆက်လက်ပြီးတော့လည်း နီးနီးကပ်ကပ်နဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ရှိတယ်။ ကမ္ဘာ့ဘဏ်အနေနဲ့လည်း ရန်ကုန်မှာရော၊ နေပြည်တော်မှာရော ရုံးခွဲတွေဖွင့်လှစ်ဖို့ရှိတယ်လို့ သိရပါတယ်။ ဒါ့ကြောင့်မို့လို့ ကမ္ဘာ့ဘဏ်အနေနဲ့ အစိုးရပိုင်းဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်နေသလို ဒေသဆိုင်ရာတွေနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်"။

ကမ္ဘာ့ဘဏ်အုပ်စုသည် ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများအား ငွေကြေးနှင့် နည်းပညာအကူအညီများအဓိကပေးနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကမ္ဘာ့ဘဏ်အုပ်စုကို လုပ်ငန်းဆိုင်ရာ အနီးကပ်ဆက်စပ်မှုရှိသည့် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဘဏ် (IBRD)၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA)၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)၊ အများသဘောတူရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အာမခံအေဂျင်စီ (MIGA) နှင့် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အာမခံအေဂျင်စီ (MIGA) စသည့်အဖွဲ့အစည်း (၅)ရပ်ဖြင့် ဖွဲ့စည်းထားပြီး ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အဓိကအခန်းကဏ္ဍတစ်ခုစီမှ ပါဝင်ကူညီလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါက်တာမြတ်လွင်အား ယင်းတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

❁ *ကျောဖုံးမှ*

တွေ့ဆုံမေးမြန်းရာ ရှေးဦးစွာ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဇော်ဝင်းက "အခုလို ဆီးဂိမ်းအကြိုပြိုင်ပွဲ ပြုလုပ်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာပြုလုပ်မယ့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းအတွက် လိုအပ်တာတွေ ပြင်ဆင်ဖို့ အချိန်ရပါတယ်။ ပြိုင်ပွဲကျင်းပဖို့အတွက်ရော အောင်နိုင်မှုအတွက်ပါ ပြင်ဆင်ချိန်အများကြီးရပါတယ်၊ အတွေ့အကြုံလည်း အများကြီးရပါတယ်၊ အခုလို တိုက်ကွမ်ဒိုပြိုင်ပွဲနဲ့ပတ်သက်လို့ နိုင်ငံပေါင်းစုံပါဝင်တဲ့ပြိုင်ပွဲမျိုး အရင်က မြန်မာနိုင်ငံမှာ တစ်ကြိမ်မှ မလုပ်ဖူးပါဘူး၊ ဒါပထမဆုံးအကြိမ်ဖြစ်ပါတယ်၊ ကျွန်တော်တို့ တိုက်ကွမ်ဒိုအဖွဲ့ချုပ်အနေနဲ့ ကကွက်ပြိုင်ပွဲမှာ သုံးခု၊ အတိုက်ပြိုင်ပွဲမှာ လေးခု အနည်းဆုံး ရွှေတံဆိပ်ခြောက်ခုလောက်တော့ မျှော်မှန်းထားပါတယ်၊ ဒီလိုအကြိုပြိုင်ပွဲ ပြုလုပ်ခြင်းအားဖြင့် အခြားနိုင်ငံက ပြိုင်ပွဲဝင်တွေရဲ့ အရည်အသွေးကို ကြိုတင်သိရှိပြီး လာမယ့်ဆီးဂိမ်းအတွက် အများကြီး အထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ ကစားသမားတွေဟာ နိုင်ငံတကာပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်တဲ့အတွေ့အကြုံ အင်မတန်နည်းပါတယ်၊ ဒီလိုသွားရောက်ယှဉ်ပြိုင်တဲ့အခါ ငွေရေးကြေးရေး၊ အုပ်ချုပ်မှုကိစ္စ အခက်အခဲတွေရှိပါတယ်၊ နိုင်ငံခြားသွားပြိုင်ရင် တကယ်ရွေးချယ်ပြီး အလားအလာရှိတဲ့အတန်းမှာပဲ ဝင်ပြိုင်နိုင်တယ်၊ အခုလို အိမ်ရှင်အဖြစ် ကျင်းပတဲ့အတွက် ရှိတဲ့ကစားသမားအားလုံး ဝိတ်တန်းအပြည့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမြသိမ်းကပြောကြားရာတွင် "လာမယ့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပရမှာဖြစ်တဲ့အတွက် အခုလိုပြိုင်ပွဲအကြို တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပနိုင်ခြင်းအားဖြင့် ကစားသမားတွေ အတွေ့အကြုံရရှိပြီး ရွှေတံဆိပ်တွေ မျှော်မှန်းနိုင်မှာဖြစ်ပါတယ်၊ တိုက်ကွမ်ဒိုပြိုင်ပွဲမှာ အကပြိုင်ပွဲနဲ့ အတိုက်ပြိုင်ပွဲဆိုပြီး နှစ်မျိုးရှိပါတယ်၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်အနေနဲ့ ပြီးခဲ့တဲ့ (၂၆)ကြိမ်မြောက်ပြိုင်ပွဲမှာ ငွေတံဆိပ်နဲ့ပဲ ကျေနပ်ခဲ့ရတယ်၊ အခုအနေအထားမှာ ပြီးခဲ့တဲ့ပြိုင်ပွဲတုန်းက ဖိုင်နယ်အထိတက်ခဲ့တဲ့ ကစားသမားတွေကို စခန်းသွင်းလေ့ကျင့်ပေးတာ နှစ်နှစ်နီးပါးရှိပါပြီ၊ အတွေ့အကြုံရအောင် နိုင်ငံတကာပြိုင်ပွဲတွေလည်း လွှတ်ထားပါတယ်၊ ဒါကြောင့် အခုလာမယ့်ဆီးဂိမ်းမှာ ရွှေတံဆိပ်ဆုရမယ်လို့ မျှော်လင့်ပါတယ်၊ လက်ရှိအားဖြင့်တော့ ထိုင်းအသင်းကို အဓိကပြိုင်ရမှာပါ၊ အရှေ့တောင်အာရှမှာတော့ ထိုင်းအသင်းက ထိပ်ဆုံးက ရှိပါတယ်၊ ပြီးရင် နည်းနည်းတက်လာတာက ဖိလစ်ပိုင်၊ ဗီယက်နမ်တို့ ဖြစ်ပါတယ်၊ အဲဒီအသင်းတွေကိုတော့ ထိပ်တိုက်ရင်ဆိုင်ရမယ့်အနေအထားပါ၊ အင်ဒိုနီးရှားဆိုရင်လည်း ပြီးခဲ့တဲ့(၂၆)ကြိမ်မြောက် ပြိုင်ပွဲမှာ ကကွက်ပြိုင်ပွဲရဲ့ ဆုတံဆိပ်အားလုံးကို သူတို့ယူသွားပါတယ်၊ သူတို့ကိုကျော်လွှားနိုင်အောင်တော့ အများကြီးကြိုးစားနေပါတယ်" ဟု ပြောကြားသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် တည်ဆောက်ပြီးစီးနေသည့် အားကစားကွင်း၊ အားကစားရုံများ၏အခြေအနေနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအားမေးမြန်းရာတွင် ရှေးဦးစွာ မက်စ်မြန်မာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးခင်မောင်ကြွယ်က "အားကစားကွင်းကြီး တစ်ခုလုံးအနေနဲ့ဆိုရင်တော့ ဝဏ္ဏသိဒ္ဓိကစားကွင်းကြီးမှာပေါ့၊ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရယ်၊ဝဏ္ဏသိဒ္ဓိ မိုးလုံလေလုံ အားကစားရုံရယ်၊ ဝဏ္ဏသိဒ္ဓိရေကူးကန်ရယ်ဆိုပြီး သုံးခုရှိပါတယ်၊ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းကြီးကတော့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလထဲမှာ ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲလုပ်ရင်းနဲ့ ဖွင့်လိုက်တာပေါ့နော်၊ အဲဒါကတော့ ရာခိုင်နှုန်းပြည့် ပြီးစီးသွားပါပြီ၊ မိုးလုံလေလုံ အားကစားရုံကတော့ လက်ရှိအခြေအနေမှာ ၉၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ၊ ကျွန်တော်တို့ မှန်းထားတာကတော့ အားကစားရုံကြီးရဲ့ အတွင်းပိုင်းတွေကို အခုလက်ရှိ မေလကုန်မှာ ပြီးစီးမယ်လို့ မှန်းထားပါတယ်၊ ကျန်တဲ့လက်မှတ်ရုံတွေလို အပြင်ပန်းဆက်စပ်လုပ်ငန်းတွေကတော့ ဇွန်လလောက်ဆို ပြတ်ပါပြီ၊ ရေကူးကန်လည်း အတူတူပါပဲ၊ လက်ရှိအဆောက်အအုံတွေကို အားကစားဝန်ကြီးဌာနက ဆီးဂိမ်းပြိုင်ပွဲအတွက် သူတို့ရဲ့အားကစားနည်းအလိုက် လာပြီးတော့စစ်ဆေးကြပါတယ်၊ ဘောလုံးကွင်းဆိုလည်း ဘောလုံးကွင်းအလျောက်ပေါ့၊ ပြေးလမ်းဆိုရင်လည်း ပြေးလမ်းပေါ့၊ စစ်ဆေးတာတွေ ရှိပါတယ်၊ သူတို့က ပြိုင်ပွဲကျင်းပနိုင်တဲ့အနေအထားရှိတယ်၊ အဆောက်အအုံတွေကောင်းတယ်လို့ မှတ်ချက်ပေးပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မိုးဝင်းက ပြောကြားရာတွင် "ပြိုင်ပွဲမတိုင်ခင်မှာတော့ အားကစားကွင်း၊ အားကစားရုံတွေကို နိုင်ငံတကာက နည်းစနစ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူတွေ လာရောက်စစ်ဆေးဖို့ရှိပါတယ်၊ အားကစားရုံတွေ အဆင့်မီ မမီ၊ ပြိုင်ပွဲကျင်းပလို့ ရ မရ၊ အားကစားနည်းတွေနဲ့ သင့်လျော်မှု ရှိ မရှိဆိုတာကို နည်းစနစ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူတွေက ပြိုင်ပွဲမတိုင်မီ ခြောက်လအလိုမှာ လာပြီးစစ်ဆေးမှာပါ။ ဒီလိုမစစ်ခင်မှာ ပြိုင်ပွဲရုံတွေအားလုံး ပြီးစီးဖို့အတွက်ကိုတော့ တွန်းအားပေးပြီး ဆောင်ရွက်နေပါတယ်၊ အားရမှုလည်းရှိပါတယ်၊ ပြိုင်ပွဲရုံတွေ၊ ကွင်းတွေအားလုံး ၈၅ ရာခိုင်နှုန်းလောက်တော့ ပြီးစီးသွားပါပြီ။ အခုတိုက်ကွမ်ဒိုပြိုင်ပွဲကျင်းပတဲ့ အားကစားရုံကြီးဆိုလျှင် ပရိသတ် ၃၀၀၀ ဆံ့ပါတယ်၊ ဒီပြိုင်ပွဲဖြစ်မြောက်ဖို့အတွက် စီစဉ်လိုက်ရတဲ့အနေအထားဖြစ်ပါတယ်၊ ထပ်မံဖြည့်တင်းရမယ့်လုပ်ငန်းတွေ၊ ထပ်မံပြင်ဆင်ရမယ့်လုပ်ငန်းတွေရှိပါသေးတယ်" ဟု ပြောကြားသည်။ **(သတင်းစဉ်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# စစ်ကိုင်းတိုင်းဒေသကြီး (၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကျင်းပ

**နေပြည်တော် မေ ၉**

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန မုံရွာမြို့၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး အခြေခံမီးသတ်သင်တန်း အများဆုံးဖွင့်လှစ်နိုင်မှုဆုရ စစ်ကိုင်းခရိုင်နှင့် မီးသတ်စခန်း သန့်ရှင်းသာယာလှပရေးဆုရ မြို့နယ်တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စွမ်းရည်များနှင့် အသက်ကယ်ဆယ်နည်းတို့ကို သရုပ်ပြသကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆားလင်းကြီးမြို့နယ် ကံကုန်းတိုက်နယ်ဆေးရုံနှင့် တစ်သျှူးယူကလစ်မျိုးပွားခြင်းအလုပ်ရုံ ဆောက်လုပ်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကာ တောင်ပလူကျေးရွာ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး ကျော်ရွာ မင်္ဂလာကုန်းမူလတန်းကျောင်းဆောင်ပြုပြင်နေမှုနှင့် ထန်းတောကျေးရွာမူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

စစ်ကိုင်းမြို့ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ဌာနဆိုင်ရာများသည် မေ ၆ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ လေးကျွန်းမာရ်အောင်ဘုရား ရွှေထီးတော်ချ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သီတဂူ မျက်စိအထူးကုဌာန၊ တပ်ရွာမြစ်ရေတင်မှ တောင်ရင်းကျေးရွာသို့ ရေပေးဝေမှု၊ လျှောင်ဒဏ်သင့်ဝက်လက်မြို့နယ် ရေလယ်မော်ကျေးရွာ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပြီးစီးမှု၊ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှု၊ ဧရာဝတီ တံတား (ရတနာသိင်္ဃ) သံပေါင်များ တပ်ဆင်နေမှုနှင့် ကျောက်မြောင်းမြို့နယ်ခွဲ အထကနှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ကျောက်ပန်းတောင်း၌ လျှပ်စစ်ဓာတ်အားပိုသုံးနိုင်မည်

**ကျောက်ပန်းတောင်း မေ ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ခွင့်ပြုမိန့်ဖြင့် ၆၆/၁၁ KV-5MVA အသစ်တစ်လုံး ထပ်မံတိုးချဲ့တပ်ဆင်ခွင့်ရရှိခဲ့ရာ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ၏လမ်းညွှန်မှု၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာအဖွဲ့နှင့် ဓာတ်အားခွဲရုံမှူးအဖွဲ့တို့က ဓာတ်အားပြတ်တောက်မှု မကြန့်ကြာစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“လက်ရှိ 5MVA က ၄ မဂ္ဂါဝပ်ပဲ သုံးလို့ရပါတယ်။ ဒါပေမယ့် တကယ်တန်းဓာတ်အားသုံးစွဲမှုက 4.2 MVA မဂ္ဂါဝပ်ရှိနေလို့ နောက်ထပ် 5MVA အသစ်တစ်လုံးထပ်မံတိုးချဲ့ရတာဖြစ်ပါတယ်။ ဒီအသစ်တစ်လုံးထပ်ထိုင်လိုက်တဲ့အတွက် လျှပ်စစ်ဓာတ်အားကို အရင်ကထက်ပိုမိုပြီး ပြည့်ပြည့်ဝဝဖြန့်ဝေပေးသွားနိုင်မှာပါ” ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်သူနိုင်က ပြောပြသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် ယခင်က ၆၆/၁၁ KV-5MVA ထရန်စဖော်မာကို ၁၉၉၃ ခုနှစ်မှစတင်၍ မြို့မိမြို့ဖများ စုပေါင်းလှူဒါန်းငွေဖြင့် ကိုယ့်အားကိုယ်ကိုးတပ်ဆင်ခဲ့ခြင်းဖြစ်ပြီး ချောက်ပင်မဓာတ်အားခွဲရုံရှိ ၆၆ KV ဓာတ်အားလိုင်းမှ ဓာတ်အားသွယ်တန်းရယူ၍ မြို့ပေါ် (၁၂) ရပ်ကွက်နှင့် ပုပ္ပားမြို့အပါအဝင် ကျေးရွာ ၁၄ ရွာကို ဓာတ်အားဖြန့်ဝေပို့လွှတ်ပေးထားခြင်းဖြစ်ကြောင်းနှင့် ယခု 5MVA အသစ်တစ်လုံးတပ်ဆင်ပြီးစီးပါက ကျောက်ပန်းတောင်းမြို့နယ်အတွင်း မေ ၇ ရက် ညနေ ၆ နာရီ ခွဲမှ စတင်ပြီး လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာ ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့မိမြို့ဖများ ဆွေးနွေး

**တောင်တွင်းကြီး မေ ၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့ ရဲရိပ်သာ၌ မေ ၆ ရက်က ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် မှုခင်းကျဆင်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့မိမြို့ဖများ အဆိုပါ ရဲရိပ်သာ၌ တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

ဒေသခံမြို့မိမြို့ဖများက မြို့နေပြည်သူများ၏ လိုလားချက်များအပေါ် ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးရန် လိုအပ်သောအချက်အလက်များကို တင်ပြဆွေးနွေးခဲ့ပြီး ယင်းဆွေးနွေးမှုအပေါ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးဟန်က မိမိတို့ မြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် အားနည်းချက်၊ အားသာချက်များရှိနိုင်ကြောင်း၊ အားနည်းချက်များရှိပါက မြို့နယ်ရပ်မိရပ်ဖများအနေဖြင့် ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးနိုင်ကြောင်း၊ ထို့အပြင်စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း သင့်ရာနည်းဖြင့် တိုက်ရိုက်ဆက်သွယ်တိုင်ကြားနိုင်ကြောင်း၊ ယင်းသို့တိုင်ကြားပါက မိမိအနေဖြင့် အတတ်နိုင်ဆုံး အချိန်ကြန့်ကြာမှုမရှိအောင် မှန်မှန်ကန်ကန် တိတိကျကျဖြင့် ပြည်သူများပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ဖြေရှင်းနိုင်မှုမရှိသော ကိစ္စရပ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ အထက်ဌာနအကြီးအကဲများထံသို့ ပေးပို့တင်ပြညှိနှိုင်းဆောင်ရွက် ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများကလည်း မိမိတို့၏မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် လိုအပ်ချက်များ၊ နစ်နာဆုံးရှုံးမှုများရှိပါက ၎င်းတို့ထံသို့ မည်သည့်အချိန်အခါဖြစ်စေ တင်ပြတိုင်ကြားနိုင်ကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးအနေဖြင့် အလေးထား၍ သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ချိတ်ဆက်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ အထက်ပါဆွေးနွေးပွဲသို့ တောင်တွင်းကြီးမြို့ပေါ် (၁၀)ရပ်ကွက်ရှိ ရပ်ကွက်အသီးသီးမှ ရပ်မိရပ်ဖများနှင့် တပ်ဖွဲ့ဝင် ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **ဟသ်ာ(တောင်တွင်းကြီး)**



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် ၁၅၀၀ တန်၊ တန်ဖိုးနည်းဖုန်းများကို ရပ်ကွက်၊ ကျေးရွာများ၌ မဲစနစ်ဖြင့်ခွဲဝေပေးခဲ့ပြီး မဲပေါက်သူများအား ဧပြီ ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဖုန်းကတ်များကို တစ်ဦးချင်း ထုတ်ပေးနေစဉ်။ (ဝ၂၁)

## ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ၏ ပြည်ပသာသနာပြုခရီး

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂) ရပ်ကွက်ရှိ ဓမ္မစေတီထေရဝါဒသာသနာပြု ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောသလ္လ၊ သာသနတက္ကသိုလမဟာဓမ္မာစရိယ M.A (Buddhism) သည် ဂျာမနီနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့မှ တပည့် ဒါယကာ ဒါယိကာမများ၏ ပင့်လျှောက်ထားမှုကြောင့် ၅-၅-၂၀၁၃ရက် ည ၇း၄၅ နာရီတွင် မြန်မာ့လေကြောင်းဖြင့် ပြည်ပသာသနာပြု ဓမ္မခရီးကြွရောက်တော်မူပါကြောင်း။

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်-

(က) Woodfree Paper (70 gsm) Reel

| | | |
|---|---|---|
| (၁) 30" | 2438 | တန် |
| (၂) 28¼" | 1315 | တန် |
| (၃) 40" | 439 | တန် |

(ခ) Art Card (210 gsm) Ream

| | | |
|---|---|---|
| (၁) 23"x33" (500 sht/Pkt) | 5375 | ထုပ် |
| (၂) 31"x43" (500 sht/Pkt) | 2331 | ထုပ် |

၂။ အိတ်ဖွင့်တင်ဒါများကို ၁၃-၅-၂၀၁၃ ရက်မှ ၁၇-၅-၂၀၁၃ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၆-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅**
**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၂၇**




# မင်းရဲကျော်စွာမှသည် ယာဉ်ရောင်းဝယ်ရေးသီးသန့် ဇုန်တစ်ခုဆီသို့ မျှော်ကြည့်နေရ

**ရန်ကုန်　မေ　၉**

မကြာသေးမီက ရွှေ့ပြောင်းခဲ့ရသည့် မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးစခန်းရောက် မော်တော်ယာဉ်ရောင်းဝယ်မှုဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများက အဆိုပါနေရာသစ်မှ ထပ်မံပြောင်းရွှေ့ရန်အရေးရတက်မအေးနိုင်ကြောင်း သိရှိရသည်။

"ကျွန်တော်တို့ ဒီကိုရောက်တာ နှစ်လတောင်မပြည့်သေးပါဘူး။ အဆင်ကမပြေရတဲ့ကြားထဲ ထပ်ပြီးရွှေ့ရဦးမယ်ဆိုတော့ ဈေးကွက်ပျောက်နေတာပါ။ အများစုက မင်းရဲကျော်စွာကားဝင်းထဲကို မလာကြတော့ဘူး။ အရင်ဟံသာဝတီမော်တော်ယာဉ်ရောင်းဝယ်ရေးစခန်းအရှေ့မှာပဲ အရောင်းအဝယ်သွားလုပ်တယ်။ အဲဒီမှာက တရားဝင်အလုပ်လုပ်လို့မရပေမယ့် အများစုကတော့ ဖုန်းနှင့်ချိန်းပြီး အဲဒီအရှေ့မှာစုကြတာများတယ်။ ကျွန်တော်တို့ အခုရွှေ့ခဲ့ရတဲ့ မင်းရဲကျော်စွာကားဝင်းထဲမှာ ဆေးရုံဆောက်မှာလေ။ အဲဒီတော့ ထပ်ရွှေ့ရမှာ။ ကုန်သည်ရော၊ ပွဲစားတွေပါစိတ်တွေညစ်နေကြပြီး အလုပ်အကိုင်တွေမကောင်းကြဘူး" ဟု မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးစခန်းရောက်ပွဲစား ကိုကျော်ဇေယျာထွန်းက ပြောကြားသည်။

ယခုပြောင်းရွှေ့ထားသည့် မင်းရဲကျော်စွာ ကားရောင်းဝယ်ရေးစခန်းအား ဗြိတိန်နိုင်ငံ၏ အကူအညီဖြင့် ခုတင် (၁၀၀၀) ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီး တည်ဆောက်မည်ဆိုခြင်းကြောင့် မော်တော်ယာဉ်ဝင်းအတွင်း ပြုပြင်လုပ်ဆောင်နေသည့် စီမံကိန်းများကိုလည်း ရပ်တန့်ထားခဲ့သည်။

"ခဏခဏရွှေ့နေရတာ ကျွန်တော်တို့အတွက် အဆင်မပြေပါဘူး။ ဈေးကွက်လည်းပျောက်သလို ဖြစ်နေပြီ။ အလုပ်အကိုင် မကောင်းရတဲ့ကြားထဲ နေရာအတည်တကျမရနိုင်တာက အလွန်ကိုဒုက္ခရောက်နေပါတယ်။ အခု မော်တော်ယာဉ်ရောင်းဝယ်ရေးအသင်း (ရန်ကုန်)ကနေ ဦးဆောင်ပြီး သက်ဆိုင်ရာကို အသနားခံစာတင်ထားပါတယ်။ ခဏခဏမရွှေ့ပြောင်းရအောင်နဲ့ ရန်ကုန်မြို့နဲ့လည်း မဝေးတဲ့ နေရာတစ်ခုကို ချထားပေးဖို့အတွက်ဖြစ်ပါတယ်"ဟု ကိုမင်းမင်းကျော်ကလည်း လက်ရှိကားပွဲစားတန်းအခြေအနေကို ပြောသည်။

ယာဉ်အရောင်းအဝယ် လုပ်ကိုင်သူနှင့် ပွဲစားများသည် မော်တော်ယာဉ်ရောင်းဝယ်လုပ်ကိုင်ရာတွင် သင့်တင့်ကျယ်ဝန်းပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်ဖြစ်သည့် ပုလဲမြို့သစ်အနီးတွင် မြေနေရာရရှိနိုင်ရန် မျှော်လင့်နေကြသော်လည်း မူဝါဒအမျိုးမျိုး ထပ်မံပြောင်းလဲဦးမည်ကို စောင့်ကြည့်လေ့လာနေကြရဆဲဖြစ်ကြောင်း သိရှိရသည်။

**ခင်ရတနာ**

# စစ်ကိုင်းမြို့၌ ပိုင်ရှင်မဲ့သစ်လုံးများ ဖမ်းဆီးရမိ

**စစ်ကိုင်း　မေ　၉**

စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင် (၂) ဦးဆောင်၍ မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး တောအုပ်များ၊ တောခေါင်းအဖွဲ့များ ပါဝင်သော သစ်တောဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လူဇော်၊ ခရိုင်ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ်တင်မောင်အေး ပါဝင်သောရဲတပ်ဖွဲ့ဝင်များ၊ ထုံးဘိုရပ်ကွက်အုပ်ချုပ်ရေးမှူး ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧရာဝတီမြစ်အတွင်း တရားမဝင် သစ်ရှာဖွေဖမ်းဆီးခြင်းကို မေ ၄ ရက်က စစ်ကြောင်းအသွင်ဖြင့် ဆောင်ရွက်စဉ် ညနေ ၃ နာရီခွဲတွင် ဝါးချက်ကျေးရွာအရှေ့ဘက် ရေလယ်သောင်ကျွန်းအနီး ပိုင်ရှင်မဲ့ဆိုက်ကပ်ထားသော ဝါးဖောင်ကို တက်ရောက်စစ်ဆေးရှာဖွေခဲ့ကြသည်။**(ယာပုံ)**

ထိုသို့ ရှာဖွေရာတွင် တရားမဝင်သစ်များ စစ်ဆေးတွေ့ရှိသဖြင့် ထုံးဘိုဆိပ်ကမ်းသို့ စက်လှေဖြင့် ဆွဲယူလာခဲ့ကာ ဝါးဖောင်တွင် တွဲချိတ်ထားသော တရားမဝင်သစ်များကို ထုံးဘိုဆိပ်ကမ်းတွင် ကမ်းတင်စစ်ဆေးရာ သစ်မာ ၂၅ လုံး (၇ ဒသမ ၅၄၀ တန်)၊ အခြားသစ် ၇၈ လုံး (၂၆ ဒသမ ၁၅၂ တန်)၊ သစ်မာတိုင် နှစ်လုံး (၀ ဒသမ ၂၄၄ တန်) စုစုပေါင်း ၁၀၅ လုံး ၃၃ ဒသမ ၉၃၆ တန်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိပြီး ပစ္စည်းအားလုံးကို လုံခြုံစိတ်ချရသော ထုံးဘိုရပ်ကွက်ရှိ ဦးကျော်မင်းထွန်းနေအိမ်ခြံဝင်းအတွင်းတွင် စုသိမ်း၍ သစ်တောဦးစီးဌာနက အမှုမှန်ပေါ်ပေါက်နိုင်ရေးအတွက် ပိုင်ရှင်အား ရှာဖွေစုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**မျိုးဝင်း**



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# လျှင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေများပေးအပ်

**ရန်ကုန်　မေ　၉**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာယန်ဟိုလန်အား ဂုဏ်ပြုကြိုဆိုပွဲနှင့် စီချွမ်ပြည်နယ် လူစမ်းမြို့ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို မေ ၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ Signature Restaurant ၌ ကျင်းပသည်။

### ပြောကြား

အဆိုပါအခမ်းအနား၌ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း နာယက ဦးစောလှမင်းက မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းကို ယခု ၁၃၇၅ ခုနှစ် မြန်မာနှစ်ကူးတွင်ဖွဲ့စည်းခဲ့ကြောင်း၊ အသင်းဖွဲ့စည်းပြီးသည့် အချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအသစ်ကလည်း တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံကို ရောက်ရှိလာသည့်အတွက် မြန်မာပြည်သူများကိုယ်စား ကြိုဆိုမိတ်ဆက်သည့်အခမ်းအနားဖြစ်ကြောင်း၊ ယခုနှစ် ဧပြီ ၂၀ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် လူစမ်းမြို့၌ ၇ ရစ်ချ်တာစကေးရှိသည့် ငလျင်ကြောင့် လူ ၂၀၀ ကျော် သေဆုံး၍ လူ ၁၀၀၀၀ ကျော် ထိခိုက်ဒဏ်ရာရပြီး လူတစ်သိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ အဆိုပါ ငလျင်ဒဏ်သင့်ပြည်သူများအား မြန်မာနိုင်ငံတွင်ရှိသည့် မြန်မာ-တရုတ်လူမျိုးများက စာနာထောက်ထားသည့် အကူအညီပေးရန် ဆက်သွယ်လာသည့်အတွက် အသင်းကကြီးမှူးပြီး ငွေလှူဒါန်းပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

### လှူဒါန်း

ယင်းနောက် အလှူရှင် ၁၀ ဦးတို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၆၆၀၀ ကို မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က သံမှူးကြီး Mr. Lu Zhi သို့ လွှဲပြောင်းပေးအပ်လှူဒါန်းပြီး သံမှူးကြီးက ကျေးဇူးတင်စကားပြောကြားသည်။

**(သတင်းစဉ်)**



ပြည်တွင်းသတင်း

# မူးယစ်ပပျောက်ရေး စီမံချက် သက်တမ်းတိုးမည်

**နေပြည်တော် မေ ၉**

မူးယစ်ဗဟိုအဖွဲ့မှ ဘိန်းစိုက်ပျိုးမှုများကို ပြန်လည်လျှော့ချသွားနိုင်ရေးနှင့် မကြာခဏဖမ်းဆီးရမိကာ တင်သွင်းမှုများ ဖြစ်ပေါ်နေသည့် စိတ်ကိုပြောင်းလဲစေသည့် မူးယစ်ဆေးဝါးအန္တရာယ်များကို ပိုမိုတားဆီးကာကွယ်ထိန်းချုပ်ရန်အတွက် စီမံကိန်းကာလကို ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ထိရောက်တဲ့ အကောင်အထည်ဖော်မှုတွေကို ပိုမိုပြီးဆောင်ရွက်နိုင်အောင် စီမံကိန်းကာလကို တိုးချဲ့ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို မူလက ၂၀၁၄ ခုနှစ်အထိသာ သတ်မှတ်ထားပေမယ့် အခု ၂၀၁၉ ခုနှစ်အထိ ငါးနှစ်တိုးချဲ့ဆောင်ရွက်သွားမယ်" ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၀၇ ခုနှစ် နောက်ပိုင်းမှစတင်၍ ဘိန်းစိုက်ပျိုးမှု ပြန်လည်တွေ့ရှိလာခဲ့ရပြီး မူးယစ်ဆေးဝါးနယ်ပယ်အတွင်း၌လည်း စိတ်ကြွဆေးများနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးအသစ်များထွက်ရှိလာမှုများပြားလာခဲ့သည့်အတွက် ယခုကဲ့သို့ စီမံကိန်းကာလကို တိုးမြှင့်ရခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာလည်း အရေးယူတာတွေ၊ တားဆီးတာတွေကို အရှိန်ပြင်းပြင်းနဲ့ ဆောင်ရွက်နေပါတယ်။ ဒါပေမယ့် အခုလို စီမံချက်ကာလတိုးလိုက်တဲ့အတွက် လုပ်ငန်းတွေ ပိုမိုအောင်မြင်လာနိုင်မှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ပြီး ယခုထပ်မံ၍ ၂၀၁၉ ခုနှစ်အထိ စီမံကိန်းကာလ တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။

**ခင်ရတနာ**

# ညောင်ရွှေမြို့နယ်၌ မိုးကြိုးပစ်၍ လူတစ်ဦးသေဆုံး

**ညောင်ရွှေ မေ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ရွှေရန်ပြေကျေးရွာ၌ မွန်းတည့် ၁၂ နာရီက မိုးသည်းထန်စွာရွာသွန်း၍ မိုးကြိုးများဖြစ်ပေါ်ခဲ့ရာ အဆိုပါ ရွှေရန်ပြေကျေးရွာနေ မနှင်းဆွေ(၂၂ နှစ်)သည် လယ်ကွင်းတွင် ပေါင်းနုတ်နေရာမှ မိုးကြိုးဖြစ်ပေါ်ပြီး စက်ကွင်းအတွင်းကျရောက်ကာ သေဆုံးသွားကြောင်း သတင်းရရှိသည်။

(ဝ၅၄)

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

**ရန်ကုန် မေ ၉**

## ရွှေဈေး

| | | |
|---|---|---|
| အကယ်ဒမီအခေါက်ရွှေ | တစ်ကျပ်သား | ၇၁၃၃၀၀ |
| ၁၅ပဲရည်(အောင်သမာဓိ) | တစ်ကျပ်သား | ၆၇၂၀၀၀ |

(ရွှေလုပ်ငန်းရှင်အသင်း)

## နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၀၆ ကျပ် |
| ဥရောပ | တစ်ယူရို | ၁၁၉၃ ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၃၉ ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀ ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၆ ကျပ် |
| တရုတ် | တစ်ယွမ် | ၁၄၅ ကျပ် |
| မလေးရှား | ရင်းဂစ် | ၃၀၄ ကျပ် |

(သိမ်ဖြူငွေလဲကောင်တာ)

## စက်သုံးဆီဈေးနှုန်းများ

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၈၆၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၇၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၈၈၀ ကျပ် |

(Max/Newday စက်သုံးဆီအရောင်းဆိုင်)

## သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၂၅၀၀ - ၄၀၀၀ ကျပ် |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၀၀၀ - ၃၂၀၀ ကျပ် |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၂၈၀၀ - ၅၀၀၀ ကျပ် |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၄၇၀၀ - ၈၅၀၀ ကျပ် |
| ၅။ | ငါးရှဥ့် | တစ်ပိဿာ | ၄၅၀၀ -၁၂၀၀၀ ကျပ် |
| ၆။ | ပုစွန်(ကျော့) | တစ်ပိဿာ | ၆၀၀၀ - ၈၀၀၀ ကျပ် |
| ၇။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၂၀၀၀ -၅၀၀၀၀ ကျပ် |
| ၈။ | တီလားဗီးယား | တစ်ပိဿာ | ၁၈၀၀ - ၂၃၀၀ ကျပ် |
| ၉။ | ကြက် | တစ်ပိဿာ | ၃၀၀၀ -၁၀၀၀၀ ကျပ် |
| ၁၀။ | ဝက် | တစ်ပိဿာ | ၃၅၀၀ - ၈၀၀၀ ကျပ် |
| ၁၁။ | အမဲ | တစ်ပိဿာ | ၃၀၀၀ - ၆၀၀၀ ကျပ် |
| ၁၂။ | ဆိတ် | တစ်ပိဿာ | ၉၀၀၀ -၁၅၀၀၀ ကျပ် |

**ခင်ရတနာ-စုစည်းသည်။**

## ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁။ | နှမ်းဆန် | တစ်အိတ် | ၁၆၅၀၀-၁၇၀၀၀ |
| ၂။ | ပေါ်ကြွဲ | တစ်အိတ် | ၂၀၅၀၀-၂၁၀၀၀ |
| ၃။ | ပေါ်ဆန်း | တစ်အိတ် | ၂၃၀၀၀-၂၉၀၀၀ |
| ၄။ | မြေပဲဆီ | တစ်ပိဿာ | ၃၉၀၀ |
| ၅။ | စားအုန်းဆီ | တစ်ပိဿာ | ၁၄၃၀ |
| ၆။ | ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၃၈၅-၄၃၅ |
| ၇။ | ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၅၀-၁၇၅၀ |
| ၈။ | ကြူကုတ်ကြက်သွန်ဖြူ | တစ်ပိဿာ | ၁၅၀၀ |
| ၉။ | ဟဲဟိုးအာလူး | တစ်ပိဿာ | ၄၈၀-၆၃၀ |
| ၁၀။ | ဝါးခယ်မငရုတ်ရှည် | တစ်ပိဿာ | ၁၇၀၀ |
| ၁၁။ | ဆင်ဖြူကျွန်းငရုတ်ပွ | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၁၂။ | သကြား | တစ်ပိဿာ | ၈၅၀-၉၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

**ခင်ဆိုင်-စေ့ငုတင်ပြသည်။**

**အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ။**


# ဂုဏ်ယူဝမ်းမြောက်ခြင်း

**ကမ္ဘောဇဘဏ်လီမိတက် - ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း** အား ၂၀၁၁-၂၀၁၂ အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် အခွန်ထမ်းလုပ်ငန်းရှင်ဖြစ်ခြင်းနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူအား၊ ငွေအားထည့်ဝင်၍ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်ချီးမြှင့်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ **"နိုင်ငံ့စွမ်းဆောင်ရှည်ဆု"** **(နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်ဆု - ပထမဆု)** ကို ၃၀.၄.၂၀၁၃ နေ့တွင် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ဆက်လက်ပြီး နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာများကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

SCB
**SIAM COMMERCIAL BANK COMPANY LIMITED, BANGKOK, THAILAND.**
**SIAM COMMERCIAL BANK REPRESENTATIVE OFFICE, YANGON.**

# စွမ်းအင်ဝန်ကြီးဌာနမှ ပြည်တွင်းထုတ် ဓာတ်ဆီခွဲဝေဖြန့်ဖြူးပေးမှု အခြေအနေ

**နေပြည်တော် မေ ၉**

နိုင်ငံတော်၏ စီးပွားရေးတွင် ပုဂ္ဂလိကပါဝင်မှုကို အားပေးမြှင့်တင်ရန် ၂၀၁၀ ပြည့်နှစ် ဇွန်လမှစ၍ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ပုဂ္ဂလိကသို့ စတင်လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခဲ့စဉ်က ဆိုင်သစ်များမရှိသေးသဖြင့် စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်လုပ်သည့် ပြည်တွင်းထုတ်ဓာတ်ဆီကို ယခင်ဆိုင်ဟောင်းများသို့ လစဉ်ဖြန့်ဖြူးပေးခဲ့သည့်အတိုင်း ဆက်လက်ဖြန့်ဖြူးပေးခဲ့သည်။

ပြည်သူလူထုအနေဖြင့် စက်သုံးဆီများကို နိုင်ငံအနှံ့အဆင်ပြေလွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရန်နှင့် စက်သုံးဆီတရားမဝင်ရောင်းဝယ်မှုများ လျော့နည်းပပျောက်စေပြီး ခေတ်မီစက်သုံးဆီဆိုင်သစ်များ အပြိုင်အဆိုင် ပေါ်ပေါက်လာစေရန် စွမ်းအင်ဝန်ကြီးဌာနမှ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင် စိစစ်ထုတ်ပေးပြီး ဆိုင်သစ်များကို ဖွင့်လှစ်ရောင်းချခွင့် ပြုခဲ့သဖြင့် ဆိုင်ဟောင်းများသို့ ဖြန့်ဖြူးပေးနေသည့် ပြည်တွင်းထုတ်ဓာတ်ဆီကို အလီလီလျှော့ချခဲ့ပြီး ဆိုင်သစ်များ၏တည်နေရာ ဒေသနှင့်ယာဉ်သိပ်သည်းမှုအခြေအနေတို့အပေါ် မူတည်သုံးသပ်၍ခွဲဝေဖြန့်ဖြူးပေးလျက်ရှိရာ ၂၀၁၃ ခုနှစ် မေလတွင် ဆိုင်ဟောင်း ဆိုင်သစ် စုစုပေါင်း ၇၆၂ ဆိုင်ကို ခွဲဝေဖြန့်ဖြူးပေးခဲ့သည်။

ယခင်က ပြည်တွင်းထုတ်ဓာတ်ဆီကို တစ်နိုင်ငံလုံးတွင် တစ်ပြေးညီ တစ်ဂါလန်လျှင် ငွေကျပ်၂၅၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချစေခဲ့ရာမှ နိုင်ငံတော်မှ အရှုံးခံစိုက်ထုတ်မှုကို အထိုက်အလျောက် သက်သာစေရေးအတွက် စွမ်းအင်ဝန်ကြီးဌာန၏ ရောင်းဈေးနှုန်းကို ထိုက်သင့်သည့် ဈေးနှုန်းအရှင်ဖြင့် ရောင်းချရန် အလီလီတိုးမြှင့် ပြင်ဆင် သတ်မှတ်ဖြန့်ဖြူးခဲ့ရာ ၃-၁-၂၀၁၃ ရက်မှစ၍ တစ်ဂါလန်လျှင် ငွေကျပ်၃၃၅၀နှုန်းဖြင့် ဖြန့်ဖြူးလျက်ရှိပြီး ပုဂ္ဂလိကအရောင်းဆိုင်များမှ သင့်တင့်သည့် အမြတ်အစွန်းဖြင့် လွတ်လပ်စွာ ပြန်လည်ဖြန့်ဖြူးရောင်းချခွင့်ပြုခဲ့သည်။

ပုဂ္ဂလိက လုပ်ငန်းရှင်များကိုလည်း ပြည်ပမှ တင်သွင်းလာသည့် စက်သုံးဆီများကို တရားဝင်ကျသင့်သော အခွန်အခပေးဆောင်စေပြီး ထိုက်သင့်သောအမြတ်အစွန်းရယူကာ ဈေးနှုန်းအရှင်ဖြင့် လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချခွင့်ပြုခဲ့ရာတွင် ယခုအခါ ဒီဇယ်ဆီနှင့် အဆင့်မြင့် 92 Ron ဓာတ်ဆီတို့ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဈေးနှုန်းအရှင်ဖြင့် လွတ်လပ်စွာ လိုချင်သလောက် ရောင်းချပေးနေသည်ကို တွေ့ရှိရသည်။

ရန်ကုန်မြို့၌ လက်ရှိဆိုင်ရောင်းဈေးနှုန်း ပြည်တွင်းထုတ် ဓာတ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ၃၇၀၀/၃၈၀၀ ကျပ် ခန့်နှင့် အဆင့်မြင့် 92 Ron ဓာတ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ၃၉၀၀/ ၄၀၀၀ ခန့်ဖြစ်ပြီး ပြင်ပရောင်းဈေးနှုန်း ပြည်တွင်းထုတ် ဓာတ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ငွေကျပ်၄၁၀၀/၄၂၀၀ခန့်နှင့်အဆင့်မြင့် 92 Ron ဓာတ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ၄၀၀၀/၄၁၀၀ ခန့်ရှိကြောင်း တွေ့ရှိရသည်။ ထိုကဲ့သို့ ပြည်တွင်းထုတ်ဓာတ်ဆီနှင့် အဆင့်မြင့် 92 Ron ဓာတ်ဆီ ဈေးနှုန်းကွာဟမှုများစွာ မရှိတော့သည့်အတွက် ပြည်တွင်းထုတ်ဓာတ်ဆီအစား အဆင့်မြင့် 92 Ron ဓာတ်ဆီကို သုံးစွဲသင့်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ အစဉ်တစိုက်တိုက်တွန်းအား ပေးခဲ့သည်။

ပြည်တွင်းထုတ် ဓာတ်ဆီကို အဓိကထုတ်လုပ်ပေးလျက်ရှိသော သက်တမ်းကြာ၍ စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်စွမ်း မရှိတော့သည့် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)အား အဆင့်မြှင့်မွမ်းမံပြင်ဆင်ရန် နိုင်ငံတကာ အတွေ့အကြုံရှိသည့် ကုမ္ပဏီကြီးများကို စိစစ်ရွေးချယ်ကာ အကျိုးတူပူးပေါင်း (Joint Venture) ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ယင်းအချိန်တွင် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)မှ အဆင့်မြင့်ဓာတ်ဆီများသာ ထုတ်လုပ်တော့မည်ဖြစ်ရာ လက်ရှိအရှုံးခံထုတ်လုပ်ဖြန့်ဖြူးနေသော Condensate မှချက်လုပ်သည့် ဓာတ်ဆီကို လအလိုက် လျှော့ချထုတ်လုပ်လျက်ရှိသည်။

သို့ဖြစ်၍ ပြည်တွင်းထုတ်ဓာတ်ဆီနှင့် ပြည်ပမှတင်သွင်းလာသည့် အဆင့်မြင့် ဓာတ်ဆီများကို နိုင်ငံအနှံ့ပျံ့နှံ့မျှတစွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ပြည်တွင်းထုတ်ဓာတ်ဆီခွဲဝေဖြန့်ဖြူးမှုကို စွမ်းအင်ဝန်ကြီးဌာနမှ လစဉ်စိစစ်ပြင်ဆင်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘောလုံးသတင်း အတိုအထွာ

**မောင်ချစ်ကြည်**

- ဖာဂူဆန် မန်ယူနည်းပြအဖြစ်မှ အနားယူမှုသည် ကမ္ဘာ့ဘောလုံးလောကကို အံ့အားသင့်စေခဲ့ကြောင်း အင်္ဂလန်အားကစားမီဒီယာများက ဖော်ပြသည်။
- အာဆင်နယ်တိုက်စစ်မှူး ဝေါကော့သ်အား အင်တာမီလန်အသင်းက ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည်။
- ဘိုင်ယန်မြူးနစ်အသင်းအတွက် ကစားသမားအသစ်သုံးဦးခန့် ထပ်မံဖြည့်ဆည်းဝယ်ယူရန်ရှိကြောင်း ဂွါဒီယိုလာက ပြောကြားသည်။
- ချယ်လ်ဆီးဂိုးသမား ပီတာချက်က လာမည့်ဘောလုံးရာသီတွင်လည်း မိမိအနေဖြင့် လက်စွမ်းပြနိုင်မည်ဟု ပြောကြားသည်။
- ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်က လာမည့်ဘောလုံးရာသီသည် မိမိ၏ ဘောလုံးသမားဘဝနောက်ဆုံးအချိန်ဖြစ်နိုင်ကြောင်း ထုတ်ဖော်ပြောကြားသည်။

## ပြည်တွင်းသတင်းနှင့် နိုင်ငံတကာအားကစား

# ဘာစီလိုနာ ၂၂ လုံးမြောက် ဖလားဆွတ်ခူးတော့မည်

ရီးရဲမက်ဒရစ်က မာလာဂါအသင်းကို မေ ၈ ရက်ညက ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီးနောက် ဘာစီလိုနာက ဖလားဆွတ်ခူးရန် စောင့်ဆိုင်းလျက်ရှိသည်။ ရီးရဲမက်ဒရစ်အသင်းသည် အိမ်ကွင်း၌ ရှုံးနိမ့်ခဲ့လျှင် ဘာစီလိုနာက ၂၂ လုံးမြောက် ဖလားဆွတ်ခူးမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် စီရော်နယ်ဒို ပယ်နယ်တီလွဲချော်ခဲ့သည်။ သို့သော်မန်ယူမှ ပြောင်းလာပြီးနောက် ရီးရဲမက်ဒရစ်အတွက် ဂိုး၂၀၀ မြောက်သွင်းယူခဲ့သည်။ မာလာဂါအသင်းမှ နောက်တန်းကစားသမားများဖြစ်သည့် ဆန်ချက်ဇ်နှင့် ဒီမစ်ချယ်လစ်တို့သည် ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ဘာစီလိုနာတို့ မေ ၁၂ ရက်တွင် အက်သလက်တီကိုမက်ဒရစ်ကို အနိုင်ကစားနိုင်လျှင် ဖလားဆွတ်ခူးနိုင်မည်ဖြစ်သည်။

# ချယ်လ်ဆီးနှင့်စပါး တစ်မှတ်စီခွဲဝေယူ

ပရီမီယာလိဂ်ပွဲစဉ် ၃၆ လက်ကျန်ပွဲအဖြစ် ချယ်လ်ဆီးနှင့်စပါးတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ နှစ်ဂိုးစီသရေဖြစ်သွားခဲ့သည်။ ဆစ်ဂါဆင်၏ နောက်ကျချေပဂိုးကြောင့် စပါးတို့ တစ်မှတ်ရလိုက်ခြင်းဖြစ်သည်။ သို့သော် ထိပ်ဆုံးနံပါတ်လေးနေရာနှင့် လွဲချော်နေဆဲဖြစ်သည်။ ယင်းပြိုင်ပွဲအပြီး ချယ်လ်ဆီးက တတိယနေရာတွင် အာဆင်နယ်ထက် နှစ်မှတ်အသာဖြင့် ရပ်တည်လျက်ရှိသည်။ လာမည့်လက်ကျန်ပြိုင်ပွဲနှစ်ပွဲတွင် ချယ်လ်ဆီး၊ အာဆင်နယ်နှင့် စပါးတို့သည် ထိပ်ဆုံးနံပါတ်လေးနေရာအတွက် အပြင်းအထန်ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။



ကောင်းမြတ်သူ-ရေးသားသည်



**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်စည်သူဟိန်း ၁၂/ကမရ(နိုင်)၀၆၀၅၂၇ ၏ နိုင်ငံကူးလက်မှတ်N0- A ၀၂၃၁၆၈မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၇၅၉၁၇၁

**ပျောက်ဆုံးကြောင်း**

မစန်းစန်းအေး ၁၂/ကခက(နိုင်) ၀၅၉၇၀၃ ၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၂၅၁၂၇၈

**(KBJ ကိုရီးယားဘာသာစကားသီးသန့် သင်တန်းကျောင်း)**

EPS-TOPIK စာမေးပွဲဖြေဆိုပြီး ကိုရီးယားသွားမည့်သူများအတွက်
EPS-TOPIK တန်းခွဲများနှင့် စကားပြောတန်းခွဲများစမည်
52(b), လေးလွှာ၊ အင်းစိန်လမ်း၊ လှည်းတန်း၊ စံရိပ်ငြိမ် ၃ လမ်းနှင့် ၄ လမ်းကြား
**H.P :09- 5166258, 09-43097510**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့၊ အမှတ်(၂၂)၊ ရန်ကုန်-ပြည်လမ်း၊ (၄)ရပ်ကွက်နေ
ဦးစန်းမြင့်-ဒေါ်တင်တင်ဝင်းတို့၏သားကြီး

**ဗိုလ်ကြီးနိုင်မျိုးထိုက်**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ အမှတ် (၃)နေ
ဦးလှထွန်း-ဒေါ်ခင်ခင်ဦးတို့၏သမီးလတ်

**ဒေါက်တာအေးအေးမိုး(ခ)ဒေါက်တာမြရတနာသိုက်**

တို့သည် ၁၂-၅-၂၀၀၉ရက်တွင် နေပြည်တော်မြို့နယ်တရားရုံး၊ ဂုဏ်သရေရှိ လူကြီးမင်းများ၏ရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။

**ဗိုလ်ကြီးနိုင်မျိုးထိုက်-ဒေါက်တာအေးအေးမိုး(ခ)**
**ဒေါက်တာမြရတနာသိုက်**

## လွှတ်တော်ရုံး
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ လွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် ပညာအရည်အချင်းကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ဒုတိယဦးစီးမှူး(၂၅)နေရာ၊ လစာနှုန်း (၇၉၀၀၀-၁၀၀၀-၈၄၀၀၀) အတွက်
- (၁) မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) M.A(English)
- (၂) မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)
- (၃) မဟာဥပဒေဘွဲ့(LL.M)
- (၄) မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေး) M.A(IR)
- (၅) မဟာဝိဇ္ဇာဘွဲ့(စာကြည့်တိုက်) M.A(Library & Information Studies)
- (၆) စက်မှုအင်ဂျင်နီယာဘွဲ့ B.E (Mechanical)
- (၇) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့ B.E(EP)

(ခ) အငယ်တန်းစာရေး ၂၀ နေရာ၊ လစာနှုန်း(၆၇၀၀၀-၁၀၀၀-၇၂၀၀၀) အတွက်
- (၁) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ/အင်္ဂလိပ်ဘာသာ) B.A(English)
- (၂) ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc)
- (၃) ဥပဒေဘွဲ့ (LL.B)
- (၄) ဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေး) B.A(IR)
- (၅) ဝိဇ္ဇာဘွဲ့(စာကြည့်တိုက်) B.A(Library & Information Studies)
- (၆) A.G.T.I ဒီပလိုမာ (Mechanical)
- (၇) A.G.T.I ဒီပလိုမာ (EP)
- (၈) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (အင်္ဂလိပ်စာ သို့မဟုတ် အခြားနိုင်ငံခြားဘာသာရပ်တစ်ခုခု တတ်ကျွမ်းသူ သို့မဟုတ် ကွန်ပျူတာကျွမ်းကျင်သူ သို့မဟုတ် စာကြည့်တိုက်ဒီပလိုမာ ရရှိထားသူများ ခိုင်မာသော အထောက်အထားများပူးတွဲ၍ လျှောက်ထားနိုင်ပါသည်။)

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အပိုဒ် ၁(က)ပါ ရာထူးအတွက် ၃၁-၃-၂၀၁၃ ရက်တွင် (၂၈)နှစ်ထက် မကျော်စေရ၊ ဝန်ထမ်းဖြစ်ပါက (၃၂)နှစ်အထိ ခွင့်ပြုသည်။
- (ဂ) အပိုဒ် ၁(ခ)ပါ ရာထူးအတွက် ၃၁-၃-၂၀၁၃ရက်တွင်(၂၅)နှစ်ထက် မကျော်စေရ၊ ဝန်ထမ်းဖြစ်ပါက (၃၀)နှစ်အထိ ခွင့်ပြုသည်။
- (ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
- (င) ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။

၃။ လျှောက်လွှာတွင်-
- (က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ခ) မွေးနေ့သက္ကရာဇ်နှင့်အသက်၊
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
- (ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊
- (စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်၊ ဌာန၊
- (ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်၊
- (ဇ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊
- (ဈ) အမြဲတမ်းနေရပ်လိပ်စာတို့ ဖော်ပြရပါမည်။

၄။ လျှောက်လွှာနှင့်အတူ-
- (က) ၆လအတွင်း ရိုက်ထားသော ပတ်စပို့ဓာတ်ပုံ (၂)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊
- (ခ) ဘွဲ့လက်မှတ်မိတ္တူ၊
- (ဂ) အသက်အထောက်အထားအတွက်၊ အခြေခံပညာအထက်တန်းအောင် လက်မှတ်မိတ္တူ၊
- (ဃ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
- (င) ဝန်ထမ်းမဟုတ်သူများအတွက် ၆ လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့်ရဲစခန်း၏ထောက်ခံချက်မူရင်း၊
